မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၄၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံ-ဘိုကလေးကားလမ်း ပြင်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ နိုင်ငံတော်အကျိုးရှေးရှုဆောင်ရွက်ရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၁၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာ ဖွံ့ဖြိုးတိုးတက်လာမှုများကိုလည်းကောင်း၊ ဖျာပုံ-ဘိုကလေးကားလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရောက်ရှိ

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

စာမျက်နှာ ၉ ကော်လံ ၁ ●

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာတွင် စည်ပင်သာယာရေးဦးစီးဌာနက လေးလက်မအဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

18-9 (01).pmd 1 9/19/2008, 3:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်)

အေးချမ်းတည်ငြိမ်မှုကိုဖျက်ဆီးသည့် အကြမ်းဖက်သမားများအား တိုင်းရင်းသားပြည်သူများ ပူးပေါင်းဝိုင်းဝန်းဖော်ထုတ်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အကြမ်းဖက်အဖျက်သမားများသည် ပြည်သူများ၏ အသက်အိုးအိမ်ဖျက်ဆီးရန် အစဉ်ကြံစည်နေကြသည်။

အကြမ်းဖက်သမားများသည် ပြည်သူများအတွင်း အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာပြီး အဖျက်အမှောင့် လုပ်ငန်းများကို လုပ်ဆောင်လေ့ရှိကြသည်။

စက်တင်ဘာ ၁၁ရက်က ပဲခူးတိုင်း ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဗီဒီယိုရုံတစ်ရုံတွင် မိုင်းနှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးရပြီး အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်သမားများသည် ပြည်သူများအတွင်း ဖောက်ခွဲရေးလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြရာ တာဝန်သိပြည်သူများ၏ သတင်းပေးမှုကြောင့် ယင်းကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ကုန်စုံဆိုင်တစ်ဆိုင်၏ ပစ္စည်းများ ခင်းကျင်းထားသည့်အောက်၌ လက်လုပ်ချိန်ကိုက်ဗုံး တစ်လုံးကို သက်ဆိုင်ရာမှ စနစ်တကျ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူတို့သည် အကြမ်းဖက်သမားများကြောင့် ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် စက်ဆုပ်ရွံရှာလျက်ရှိပြီး ဖောက်ခွဲဖျက်ဆီးသူများအား အသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းဖော်ထုတ်ခဲ့ကြ၍ အချိန်မီဖမ်းဆီး ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသည် နိုင်ငံအတွင်း လူစည်ကားသောနေရာများတွင် ဖောက်ခွဲဖျက်ဆီးမှုများကို ကြံစည်လုပ်ဆောင်လျက် ဖောက်ခွဲဖျက်ဆီးရေးသမားများကိုလည်း ပြည်တွင်းသို့ စေလွှတ်ထား၍ သက်ဆိုင်ရာက လိုအပ်သော အစီအမံချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ပေရာ အကြမ်းဖက်ဖျက်ဆီးမှုများ ပြည်သူများအတွင်း မဖြစ်ပွားရန် အသွင်အမျိုးမျိုးနှင့် ထိုးဖောက်ဝင်ရောက်လာမည့် အကြမ်းဖက် ဖောက်ခွဲရေးသမားများအား ပြည်သူတို့၏ စည်းလုံးမှုစွမ်းအားနှင့် ဝိုင်းဝန်း ဖော်ထုတ်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးမှူး ကျန်းမာရေးစီမံချက်များ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မျိုးဆက်ပွား ကျန်းမာရေးစီမံချက်၊ အန္တရာယ်ရှိသော သားပျက်သားလျှော ကာကွယ်ရေးစီမံချက်၊ စေတနာ့ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက်က မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန်းစန်းဝင်း၊ စီမံချက်အရာရှိ ဒေါက်တာဦးသန်းဦး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးလှမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး သားဖွားခန်းအတွက် ဆေးနှင့် အာဟာရမှုန့်များကိုပေးအပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက လက်ခံသည်။ **(အောက်ပုံ)**

ဆက်လက်၍ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန်းစန်းဝင်းက စီမံချက် လုပ်ငန်းအကြောင်းနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စီမံချက်လုပ်ငန်းမှ တာဝန်ရှိသူများက စေတနာ့ဝန်ထမ်း ၃၀၊ စီမံချက်တွင်သုံးစွဲနေသူ ၂၀တို့နှင့် တွေ့ဆုံဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၁၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၃၁)
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူ့ရဲကောင်း** (အပိုင်း-၃၀)

တွံတေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝန်ကြီး ဦးစိုးသာ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် စက်တင်ဘာ ၁၅ရက် နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ဌာနဆိုင်ရာအလိုက် စီစဉ်ဆောင်ရွက်ရန်ကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအသင်းအမှုဆောင်များနှင့် အသင်းဝင်များအားလည်းကောင်း၊ ဘုရားကြီး စံပြကျေးရွာ၌ ကျေးရွာပြည်သူများနှင့်လည်းကောင်း တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်ရှိ ရန်ကုန်တိုင်း စီမံကိန်းဦးစီးရုံး၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံရာ ရန်ကုန်တိုင်း စီမံကိန်းဦးစီးမှူးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နံ့ရုံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထက(၁)၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် နံ့ရုံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက်က အထက(၁)ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလက်ကျင်ခုပ်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်အရှေ့ပိုင်း ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က မိမိဘဝကို ဘယ်လိုမြှင့်တင်မလဲ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ (ဝဲပုံ)

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးလက်ကျင်ခုပ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

18-9 (02).pmd 1 9/19/2008, 3:14 AM

လုပ်သင့်တာလုပ်မှ ဖြစ်သင့်တာဖြစ်မှာ

ကိုသာယာ

မိမိတို့နိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေမှာ နိုင်ငံနှင့် ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းနိုင်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေပြီး ထိုက်သင့်သည့်ခရီးတစ်ခုကို ခိုင်ခိုင်မာမာရောက်နေပြီ ဖြစ်ပါတယ်။ လက်ရှိအစိုးရသည် အရွေးချယ်ခံအစိုးရ မဟုတ်သည်မှာ မှန်သော်လည်း မိမိတို့နိုင်ငံနှင့်လူမျိုးအကွဲကွဲအပြားပြား ပျက်စီးပြိုကွဲပြီး တိုင်းတစ်ပါးလက်အောက်ကို ကျွန်အဖြစ် ပြန်လည်ရောက်လုနီးနီး အနေအထားကနေကယ်တင်နိုင်ဖို့ နိုင်ငံတော်နဲ့ အမျိုးသားရေးလိုအပ်ချက်အရ မလွဲမရှောင်သာ တာဝန်ယူခဲ့သော တပ်မတော်အစိုးရသာဖြစ်ပါတယ်။ တာဝန်ယူစဉ် ကာလအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု စားဝတ်နေမှုအဆင်ပြေချောမွေ့စေရေးနဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ တစိုက်မတ်မတ် အားထည့်ဆောင်ရွက်ခဲ့သည်မှာ မငြင်းဆန်နိုင်သော အမှန်တရားမဟုတ်ပါလား။

နိုင်ငံတစ်နိုင်ငံအတွက် စနစ်တစ်ခုမှတစ်ခုသို့ပြောင်းရေးသည် ဝုန်းခနဲ ဒိုင်းခနဲ ချက်ချင်းပြောင်းပေး၍ဖြစ်နိုင်ပါသလား။ ကျွန်တော်တို့ လုပ်မယ်၊ ကျွန်တော်တို့ကို အာဏာလွှဲပေးလိုက်၊ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီနိုင်ငံချက်ချင်းဖြစ်မယ်ဆိုတာမျိုး ဖြစ်နိုင်ပါသလား။ သဘာဝရော ကျရဲ့လား။ ကျွန်တော့်အမြင်ကတော့ အဲဒီလိုလုပ်လိုက်ရုံနဲ့မြန်မာနိုင်ငံ နေ့ချင်း၊ ညချင်း ဒီမိုကရေစီနိုင်ငံဖြစ်လာမယ်လို့ မထင်ပါ။ ဒီမိုကရေစီနိုင်ငံနဲ့ လိုက်လျောညီထွေကိုက်ညီမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံတွေနဲ့ စနစ်တကျတည်ဆောက်ပြီးစနစ်ကိုကျင့်သုံးမယ့် ပြည်သူလူထုကလည်း ကိုက်ညီလိုက်ဖက်မည့် အတွေးအခေါ်အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်များ ပြည့်စုံ၊ ဒီစနစ်ကို ထိန်းကျောင်းသွားမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရှိပြီးမှသာ ရေရှည်တည်တံ့ခိုင်မြဲပြီးအေးချမ်းသာယာတဲ့ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရသည်သူတာဝန်ယူနေသည့်ကာလအတွင်း ၄င်းအခြေခံတွေကို ခိုင်မာအောင်လုပ်ပေးခဲ့ရာ ယခုအခါ ပြည့်စုံပြီဟု မဆိုနိုင်သော်လည်း လုံလောက်သည့်အဆင့်ကို ရောက်နေသည်မှာ အားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဒီမိုကရေစီနိုင်ငံကို ကူးပြောင်းဖို့ အဆင့်(၇)ဆင့် ချမှတ်ဆောင်ရွက်ခဲ့တာ ယခုဆိုလျှင် အဆင့်(၄)ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးနီးပါး၊ ရာနှုန်းပြည့်နီးပါးက ထောက်ခံ အတည်ပြုနိုင်ခဲ့ပါပြီ။ တစ်နည်းပြောရရင် ပြည်သူလူထုတစ်ရပ်လုံးက ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီမိုကရေစီကိုသွားမယ်လို့ ဆန္ဒရှိကြောင်း၊ သဘောတူကြောင်း၊ ကျေနပ်လက်ခံကြောင်း ပြသခဲ့ပြီးဖြစ်ပါတယ်။

ဒါကို မကျေနပ်မထောက်ခံသူ အနည်းစုတော့ ရှိခဲ့တာပေါ့။ ဒါကလည်း သူတို့ဘဝ၊ သူတို့အခြေအနေကြောင့်ပါ။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိတာပါပဲလေ။ ဒီအပေါ်မှာတော့ မပြောလိုပါဘူး။ သို့သော်လည်း အခုအခြေအနေက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့ စနစ်တကျခိုင်ခိုင်မာမာလုပ်ခဲ့တာပါ။ လက်တန်းထိုး ပြီးပြီးရော လက်ညှိုးထောင် ခေါင်းညိတ်လုပ်ခဲ့တာမဟုတ်ပါဘူး။ ဆိုလိုတာကတော့ ပြည်သူလူထုတစ်ရပ်လုံးက ဥပဒေနဲ့အညီ ပါဝင်ဆန္ဒပေးပြီးမှ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ ဒါကို စောစောကပြောခဲ့တဲ့ အနည်းစု မပြောပလောက်တဲ့ အင်အားက မကြိုက်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ လက်ခံနိုင်ပါတယ်။ ဒါပေမယ့် အသိအမှတ်မပြုဘူး၊ အတည်မပြုဘူးဆိုတဲ့စကား မပြောစေချင်ပါ။ အများဆန္ဒနဲ့၊ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ အတည်ပြုပြီးသားဥပဒေကို မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားကြသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လက်ခံရမှာပဲဖြစ်ပါတယ်။ အများဆန္ဒကိုလေးစားလိုက်နာ ဆောင်ရွက်ရမှာပေါ့။ နိုင်ငံတော်က အများဆန္ဒနဲ့အညီ အတည်ပြုပြီးသားဥပဒေကို ပြည်တွင်းမှာနေထိုင်သော တစ်စုံတစ်ယောက်၊ တစ်ဦးတစ်ဖွဲ့က အသိအမှတ်မပြုဘူး၊ အတည်မပြုဘူးဆိုရင် ၄င်းပုဂ္ဂိုလ်၊ ၄င်းအဖွဲ့အစည်းသည် ဘာဖြစ်သွားပြီလဲ၊ ဘာဖြစ်နိုင်သလဲ စဉ်းစားပြောဆို လုပ်ကိုင်သင့်ပါတယ်။

ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေ၊ အတိတ်သမိုင်းများနဲ့ အနာဂတ်မှာဖြစ်ပေါ်လာနိုင်မယ့် အနေအထားအားလုံးကို ခြုံငုံပြီး အသင့်တော်ဆုံး၊ အကိုက်ညီဆုံးနဲ့ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံပါဝင်အောင် ရေးဆွဲထားတဲ့ ဥပဒေပါ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ဒီမိုကရေစီအခွင့်အရေးတွေ ပြည့်ပြည့်ဝဝရနိုင်ပြီး နိုင်ငံတော်ဒုက္ခမရောက်အောင်၊ ပြိုကွဲပျက်စီးမသွားရအောင် ကာကွယ်သင့်တာတွေ အကာအကွယ်ပေးထားတဲ့ဥပဒေပါ။ မိမိတို့နိုင်ငံမှာ အတိတ်သမိုင်းတစ်လျှောက် ဘယ်တုန်းကမှ မပေးခဲ့၊ မရခဲ့တဲ့ ဒီမိုကရေစီအခွင့်အရေးတွေပြည့်ပြည့်ဝဝပါနေပါတယ်။ အသေးစိတ်တွေကတော့ ရေးနေလည်း ရှည်ရုံပဲရှိမှာပါ။ ဒါကို သေသေချာချာ လေ့လာဖတ်ရှု အမျိုးသားရေးစိတ်ဓာတ်နဲ့ ချိန်ထိုးနှိုင်းယှဉ်သုံးသပ်ရင် လက်မခံနိုင်စရာ မပါသလောက်ဖြစ်နေတာ တွေ့နိုင်ပါတယ်။ ဒါပေမယ့်လည်း တစ်ဦးတစ်ယောက်ရဲ့အကျိုး၊ အဖွဲ့အစည်းတစ်ခုရဲ့အကျိုး၊ ပါတီတစ်ခုရဲ့ အကျိုးကိုသာမကြည့်ဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ အမျိုးသားအကျိုးစီးပွားဘက်ကတော့ ကြည့်ဖို့လိုတာပေါ့။

ဘာပဲဖြစ်ဖြစ်လေ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးက အတည်ပြုပြီးဖြစ်လို့ ဒီဥပဒေအတိုင်း လိုက်နာရတော့မှာပါ။ ဒီနေ့ ပြည်သူလူထုတစ်ရပ်လုံးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ အတိတ်ကမရခဲ့တဲ့ အေးချမ်းသာယာမှုတွေကို ရရှိနေကြပြီး၊ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်နေနိုင်ကြပြီ။ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံရေးစီးကြောင်းမှာ လိုက်လျောညီထွေ လိုက်ပါပြီး ဒီမိုကရေစီနိုင်ငံကို အမြန်ရောက်ချင်နေပါပြီ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ လိုလားချက်တွေကို အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့၊ ဆောင်ရွက်ပေးဆဲဖြစ်ပြီး ပြည်သူတစ်ရပ်လုံးလိုလားတဲ့ ဒီမိုကရေစီကို အဆင့်(၇)ဆင့်နဲ့အညီ မမှိတ်မသုန် မလွဲမသွေဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ တာဝန်ယူထားပါတယ်။ ဆက်လက်သွားမယ့် လမ်းခရီးမှာ အရင်ကလိုအနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတားတွေရှိလာမှာကို ပြည်သူတစ်ရပ်လုံးက လက်မခံနိုင်ကြတော့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီလိုသာ ဆူပူနှောင့်ယှက် ဖျက်ဆီးနေကြရင် ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီက ဝေးနေဦးမှာပဲဖြစ်ပါတယ်။ တက်ညီလက်ညီပါဝင်ပူးပေါင်း လျှောက်လှမ်းကြမှ မြန်မြန်ရောက်မှာပါ။ ဒါအများဆန္ဒပါပဲ။ အလားတူပဲ လက်ရှိအစိုးရကိုယ်တိုင်ကလည်း ဒီမိုကရေစီနိုင်ငံတော်အဖြစ် မြန်မြန်ရောက်အောင် ပြည်သူလူထုတစ်ရပ်လုံးရဲ့လိုလားချက်ကို ဖြည့်ဆည်းပေးချင်နေတာ တွေ့ရပါတယ်။

အဲဒီတော့ ပြည်သူလူထုတစ်ရပ်လုံးကလိုလားတဲ့ဆန္ဒ၊အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊နိုင်ငံတော်ရဲ့လက်ရှိအနေအထားအရ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေအရ ဘာဆက်လုပ်သင့်သလဲ၊ ဘာဆက်လုပ်ရမလဲဆိုတာ လေးလေးနက်နက် စဉ်းစားသင့်ပါပြီ။ တစ်လျှောက်လုံး အစိုးရလုပ်တာမှန်သမျှ ဆန့်ကျင်မယ်ဆိုတဲ့ အတွေးအခေါ်နဲ့ ဆက်သွားနေမှာလား။ ဒီလိုဆက်သွားနေရင်ကော အကျိုးရှိမှာလား၊ စဉ်းစားလုပ်ဆောင်သင့်ကြတဲ့ အရေးကြီးတဲ့ အချိန်ကာလကိုရောက်နေပါပြီ။ လမ်းမှန်ကို ရွေးချယ်ရတော့မယ့် လမ်းဆုံလမ်းခွကို ရောက်နေပါပြီ။ ဒီအချိန်မှာ ရွေးချယ်မှုမမှန်ရင်၊ လုပ်သင့်တာ မလုပ်ရင် ဘေးရောက်သွားပါလိမ့်မယ်။

ဒီနေ့ ရှိနေကြတဲ့ပါတီတွေ၊ အဖွဲ့အစည်းတွေအားလုံးမှာ တချို့ပုဂ္ဂိုလ်များဟာ အထိုက်အလျောက် နိုင်ငံရေးအတွေ့အကြုံတွေ ရှိကြပါတယ်။ အားလုံးတော့ မဟုတ်ဘူးနော်။ ခါတော်မီတွေလည်း အများကြီး ပါနေပါသေးတယ်။ ဒီအတွေ့အကြုံတွေကို မိမိနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အကျိုးရှိရှိ ပူးပေါင်း ပါဝင်ဆောင်ရွက်ရင် နိုင်ငံတော်အတွက် ကောင်းမှာပါ။ ကိုယ့်နိုင်ငံအရေး၊ ကိုယ့်ပြည်တွင်းက ပြည်သူလူထုတွေ ညီညီညွတ်ညွတ် လုပ်ကြရမှာပါ။ ကိုယ့်နိုင်ငံအကြောင်း ကိုယ်ပဲ အသိဆုံးပါ။ ဒါကြောင့် ဆက်လက်ဖော်ဆောင်မယ့် ဒီမိုကရေစီလမ်းကြောင်းမှာ မှန်မှန်ကန်ကန် ပါဝင်ကြစေချင်တယ်။

မလိုက်ပါနိုင်တဲ့သူဟာ ကျန်ရစ်ခဲ့မှာပါပဲ၊ အခွင့်အရေးဆုံးရှုံးမှာပဲ။ မလိုက်ပါနိုင်ရုံတင်မကဘဲ ကဖျက်ယဖျက်လုပ်လာရင်တော့ ပြည်သူကလည်း လက်ခံမှာမဟုတ်ဘူး၊ နိုင်ငံတော်ကလည်း လက်ခံမှာမဟုတ်ဘူး။ ရတဲ့အခွင့်အရေးကိုလက်လွှတ်မခံပါဝင်ပြီး လုပ်ဆောင်ရင်းက ပိုကောင်းအောင်လုပ်သင့်တယ်။ ရလာတဲ့အတွေ့အကြုံများအရ ပိုပြီးပြည့်စုံအောင်လုပ်သင့်တယ်။ ဒါမှ သဘာဝကျမယ်။ မွေးခါစ ကလေးက ချက်ချင်းတော့ လမ်းထလျှောက်နိုင်မှာမဟုတ်ဘူး။ မှောက်လျက်သွား၊ လေးဖက်သွား၊ အစာအာဟာရ မှန်မှန်စားပြီး၊ ကြီးထွားလာပြီး ထိုက်သင့်တဲ့အရွယ်ရောက်ရင် လမ်းလျှောက်လို့ ရပြီပေါ့။ ဒီသဘောပါပဲ။

ဘာမှမလုပ်ဘဲ၊ အလုပ်မဖြစ်တာတွေကိုပဲ စဉ်းစားနေရင် ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ အိပ်မက်တွေနဲ့စိတ်ကူးယဉ်မနေသင့်ကြတော့ပါဘူး။ ကျွန်တော်လည်း ဒီမိုကရေစီနိုင်ငံကို မြန်မြန်လိုချင်တယ်။ ပြည်သူလူထုကလည်းမြန်မြန်ရချင်တယ်၊ နိုင်ငံတော်ကလည်း လုပ်ပေးနေတယ်။ ကျွန်တော်တို့ဘာလုပ်ကြမလဲ၊ ဆက်လုပ်ရမယ့်လမ်းကြောင်းကို မှန်မှန်ကန်ကန်ပါဝင်ပြီး တက်ညီလက်ညီ လုပ်သွားရုံကလွဲလို့ ဘာမှမမြင်ဘူး။ အဲဒီလိုမလုပ်ရင် မလုပ်တဲ့လူပဲမှားလိမ့်မယ်ထင်တယ်။ ကျန်ရစ်ခဲ့လိမ့်မယ်၊ ဘေးရောက်သွားလိမ့်မယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီမိုကရေစီအရေး ဝေးအောင်လုပ်နေတဲ့ လုပ်ရပ်မှန်သမျှ ဆန့်ကျင်တယ်။ အဲဒီလူတွေကိုလည်း မထောက်ခံဘူး၊ မဖြစ်သင့်တာ၊ မဖြစ်နိုင်တာတွေ အော်နေတဲ့လူတွေကို ယုံလည်းမယုံဘူး၊ အားလည်းမကိုးဘူး။ ပူးပေါင်းဆောင်ရွက်မှုမဆန်တဲ့ ထိပ်တိုက်ရင်ဆိုင် ပြဿနာဖြစ်အောင်ဖန်တီးတာတွေကို ရွံမုန်းတယ်၊ နှလုံးနာတယ်ဗျာ။ ရှင်းရှင်းပြောရရင် ကိုယ့်နိုင်ငံအရေးကို တခြားအားကိုးနဲ့ လျှောက်ပြောလျှောက်တွေးလျှောက်လုပ်နေကြတဲ့ အတွေးအခေါ်မမှန်ကြသူတွေ လက်မခံချင်ဘူးဗျာ။ ဟိုဟာပိတ်၊ ဒီဟာပိတ်နဲ့ နိုင်ငံစီးပွားရေးချွတ်ခြုံကျအောင် လုပ်နေတာတွေ၊ ဟိုဟာခေါ် ဒီဟာမျှော်နဲ့ တိုင်းပြည်ကို အာဖဂန်နစ္စတန်တို့၊ အီရတ်တို့လိုဖြစ်အောင်လုပ်နေတာတွေ၊ ဒီအတွေးအခေါ်တွေဟာ သိပ်တိမ်လွန်းတယ်ဗျာ၊ မဖြစ်သင့်တာတွေပဲ။

ဒီနေ့ တိုင်းပြည်နဲ့လူမျိုး ကောင်းရာကောင်းကြောင်း စဉ်းစားဆောင်ရွက်ပေးနေမှုမှန်သမျှ ထောက်ခံတယ်။ လမ်းစဉ်(၇)ရပ်အတိုင်း ညီညီညွတ်ညွတ်လုပ်ကြရင် မကြာခင် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာမှာလည်း ယုံကြည်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း သိပ်သဘောကျတယ်။ ပြည့်ဝတယ်၊ လုံခြုံတယ်လို့လည်း သိနေတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ပြည်သူနဲ့အတူ ပါဝင်လက်တွဲ လျှောက်လှမ်းသွားမှာပဲ။ ဒီတော့ မလုပ်သင့်တာ ဆက်မလုပ်ကြဘဲ ရပ်ကြပါတော့၊ လုပ်သင့်တာတွေ ဆက်လုပ်ရင်း အကောင်းဖက်ကိုသွားကြပါစို့လား။ လုပ်ရင်း၊ လုပ်ရင်းနဲ့ ပိုကောင်းတာတွေတွေ့ပြီး ပိုကောင်းအောင်လုပ်ရင်း ပြည့်စုံအောင် ဖော်ဆောင်ဖန်တီးသွားကြရင် မကောင်းဘူးလားဗျာ။ ။

ဒီဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေ၊ အတိတ်သမိုင်းများနဲ့ အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်မယ့် အနေအထားအားလုံးကို ခြုံငုံပြီး အသင့်တော်ဆုံး၊ အကိုက်ညီဆုံးနဲ့ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံပါဝင်အောင်ရေးဆွဲထားတဲ့ ဥပဒေပါ။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ဒီမိုကရေစီအခွင့်အရေးတွေ ပြည့်ပြည့်ဝဝရနိုင်ပြီး နိုင်ငံတော် ဒုက္ခမရောက်အောင်၊ ပြိုကွဲပျက်စီးမသွားရအောင် ကာကွယ်သင့်တာတွေ အကာအကွယ်ပေးထားတဲ့ ဥပဒေပါ။ မိမိတို့နိုင်ငံမှာ အတိတ်သမိုင်းတစ်လျှောက် ဘယ်တုန်းကမှ မပေးခဲ့၊ မရခဲ့တဲ့ ဒီမိုကရေစီ အခွင့်အရေးတွေ ပြည့်ပြည့်ဝဝ ပါနေပါတယ်။

ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးက အတည်ပြုပြီးဖြစ်လို့ ဒီဥပဒေအတိုင်း လိုက်နာရတော့မှာပါ။ ဒီနေ့ ပြည်သူလူထုတစ်ရပ်လုံးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ အတိတ်က မရခဲ့တဲ့ အေးချမ်းသာယာမှုတွေကို ရရှိနေကြပြီး လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက် နေနိုင်ကြပြီ။ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံရေးစီးကြောင်းမှာ လိုက်လျောညီထွေ လိုက်ပါပြီး ဒီမိုကရေစီနိုင်ငံကို အမြန်ရောက်ချင်နေပါပြီ။

18-9 (03).pmd 1 9/19/2008, 3:14 AM

ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၁၅ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပသော အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဆုများကို ပေးအပ်ချီးမြှင့်သည်။

စံချိန်သစ်

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတွင် မြန်မာပြည် စံချိန် ဟောင်းသုံးခုကို ချိုးလိုက်ပြီး စံချိန်သစ် သုံးခုတို့ကို တင်နိုင်သည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသားတံခွန်စိုက် အလေးမ ပြိုင်ပွဲ၏ အမျိုးသား ၆၉ကီလိုတန်းပြိုင်ပွဲ၊ ၇၇ကီလိုတန်း ပြိုင်ပွဲနှင့် ၈၅ကီလိုတန်း ပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လည်းကောင်း၊ အကြိမ် (၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမ ပြိုင်ပွဲ၏ အမျိုးသမီး ၆၉ကီလိုတန်းတွင် အနိုင်ရရှိသူများအား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက လည်း ကောင်း၊ အမျိုးသမီး၇၅ကီလိုတန်းပြိုင်ပွဲ တွင် အနိုင်ရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်မြင့်မြင့်ဆွေကလည်းကောင်း၊ အမျိုး သမီး ၇၅ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူ များအား မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အကောင်းဆုံးဆု

ဆက်လက်၍ မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က အကြိမ်(၄၀) မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ တွင် အကောင်းဆုံး အလေးမအားကစား သမားဆု ရရှိကြသော ၆၉ကီလိုတန်းမှ ဘိုမင်းထွန်း(ရခိုင်ပြည်နယ်)နှင့် ဟေမာမြင့် ဝင်း(မကွေးတိုင်း)တို့အားလည်းကောင်း၊ ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမ ပြိုင်ပွဲတွင် အကောင်းဆုံးအလေးမ အား ကစားသမားဆုရရှိကြသော ၅၆ကီလိုတန်း မှ ပြည့်ဖြိုး(မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်) နှင့် ၅၃ကီလိုတန်းမှ အေးသန္တာလွင် (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန)တို့အား လည်းကောင်း ဆုတံဆိပ်များ နှင့်ဆုကြေးများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ပြည့်ဖြိုး(မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်)က ၄င်းကိုယ်တိုင်တင်ထားသော အမြန်မဍ္ဍ မြန်မာပြည်စံချိန်ဟောင်းကီလို၁၁၀ကို ၁၁၇ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မဍ္ဍ မြန်မာ ပြည်စံချိန်ဟောင်း ကီလို၁၄၀ကို ၁၄၈ကီလို ဖြင့်လည်းကောင်း စုစုပေါင်း စံချိန်ဟောင်း ကီလို ၂၅၀ကို ၂၆၅ကီလိုဖြင့်လည်းကောင်း အသီးသီးချိုးလိုက်ပြီး မြန်မာပြည်စံချိန် သစ်သုံးခုတို့ကို တင်လိုက်နိုင်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်တို့က ဂုဏ်ပြုသည့်အနေဖြင့် ဆုကြေးငွေကျပ်နှစ်သိန်းကို ချီးမြှင့်ကြ သည်။

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အား ကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ် နှင့်တိုင်း အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် တတိယရရှိသော မန္တလေးတိုင်း၊ အမျိုးသား အသင်းလိုက် ပြိုင်ပွဲတွင် ဒုတိယရရှိသော တနင်္သာရီတိုင်း၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် တတိယရရှိသော ပဲခူးတိုင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယ ရရှိသော မကွေးတိုင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ၆၉ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော ကျော်မိုးဝင်း(လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၏ စုစုပေါင်းစံချိန် ၃၀၆ကီလိုသည် (၂၄)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ၏ ရွှေတံဆိပ်ရှင်စံချိန် ၂၉၉ကီလိုထက် သာလွန်သောကြောင့် မြန်မာနိုင်ငံအိုလံပစ် ကော်မတီနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ ချုပ်တို့က ဂုဏ်ပြုသည့်အနေဖြင့် ဆုကြေး ငွေကျပ်ခြောက်သိန်းကို ပေးအပ်ချီးမြှင့် ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကြိမ် (၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမ ပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲတွင် ပထမရရှိ သော ရန်ကုန်တိုင်း၊ အမျိုးသမီးပြိုင်ပွဲတွင် လည်း ပထမရရှိသော ရန်ကုန်တိုင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများ၊ ဆင့်ပွားဒိုင်းများ နှင့်ဆုကြေးများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမက(၆) ၂၀၀၇-၂၀၀၈ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၃ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရ မောင်ဖြိုးဟိန်းကျော်အား ကျောင်းအုပ်ဆရာကြီး ဦးအေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

လှိုင်သာယာမြို့နယ် ညောင်ရွာအမှတ်(၂) အလကသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ရွာ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဌေးတို့က အမှာစကားပြောကြားကြပြီး အလှူရှင်များကိုယ်စား အလှူရှင်ဦးညီညီက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ ကျောင်းသုံးပရိဘောဂများနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင်၁၀၀ လှူဒါန်းသော အလှူရှင်များဖြစ်ကြသည့် ဦးညီညီ (SST-Service Yangon)၊ ဦးကျော်ဝင်းနှင့်ဒေါ်ဟေမာဝင်း(JMCC- Tokyo)တို့က ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဒေါ်မမွေးနှင့်ဒေါ်ချယ်ရီ (ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်)တို့က ကျောင်းအားကစားကွင်းနှင့် ရေတိုင်ကီ၊ ရေလောင်းအိမ်သာများပြုပြင်ရန် ငွေကျပ်သိန်း၇၀ကျော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဌေးတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မဲခေါင်အားကစားပြိုင်ပွဲဝင် မြန်မာလူငယ်ဘော်လီဘောအသင်း ဘော်လီဘောပြိုင်ပွဲနှင့် သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲ နှစ်မျိုးစလုံးရွှေရရှိ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု အေးအေးလွင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၀၈ခုနှစ် စက်တင်ဘာ ၁၀ရက်မှ ၁၅ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သော မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များဖြစ်သည့် ဘောလုံး၊ ဘော်လီဘောနှင့် ပြေးခုန်ပစ်သုံးဖွဲ့စလုံး အောင်မြင်မှုများရရှိခဲ့ကြသည်။ ဘောလုံး ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့သလို မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့မှာလည်း အောင်မြင်မှုရရှိခဲ့သည်။ ယင်း အားကစားအဖွဲ့များနှင့်အတူ သွားရောက်ယှဉ်ပြိုင်သည့် မြန်မာလူငယ်ဘော်လီဘောအသင်းမှာလည်း မူလယှဉ်ပြိုင်သည့် လူငယ်ဘော်လီဘော ပြိုင်ပွဲတွင် ဗိုလ်စွဲသလို နောက်ထပ်ထည့်သွင်းကျင်းပသည့် သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲတွင်လည်း ထပ်မံဗိုလ်စွဲရာ နှစ်ထပ်ကွမ်း ချန်ပီယံဖြစ်သွားသည်။

ဦးဦးဖျားဖျား

မဲခေါင်လူငယ် ဘော်လီဘောပြိုင်ပွဲတွင် မြန်မာလူငယ်ဘော်လီဘောအသင်းမှာ နှစ်ပွဲကစားရာ၌ နှစ်ပွဲစလုံးအနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မဲခေါင်အားကစား ပြိုင်ပွဲတွင် ဘော်လီဘော အားကစားနည်းကို ပထမဦးဆုံးအကြိမ် ထည့်သွင်းကျင်းပ ခြင်းဖြစ်ပြီး ဦးဦးဖျားဖျား ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အိမ်ရှင် ထိုင်းနိုင်ငံမှ နှစ်သင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး နှစ်ပွဲစလုံးသုံးပွဲပြတ် များဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် မြန်မာအသင်းနှင့် ထိုင်း(က)အသင်းတို့မှာ လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရလဒ်ချင်းတူညီနေကြသော်လည်း ပွဲငယ်အနိုင်ရရှိမှုတွင် မြန်မာအသင်းက အသာရခဲ့၍ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းသည် ထိုင်း(ခ)အသင်းကို နှစ်ပွဲပြတ်၊ ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်၊ လာအိုအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရ ရှိခဲ့ပြီး ပွဲဦးထွက်တွင် ထိုင်း(က)အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်း(က) အသင်းမှာ နောက်ဆုံးပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့် ခဲ့၍ ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

သဲသောင်ပြင်

သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲကို မြန်မာအသင်းအနေဖြင့် မူလက ဝင်ရောက် ယှဉ်ပြိုင်ရန် အစီအစဉ်မရှိသော်လည်း အိမ်ရှင် ထိုင်းဘော်လီဘောအဖွဲ့ချုပ်၏ ပန်ကြား ချက်အရ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ခဲ့သည့် ဖြိုးဝေအောင်နှင့် နေလင်းအောင်မှာ လေ့ကျင့်မှုအတွေ့အကြုံသာရှိသော်လည်း ပြိုင်ပွဲတွင် လက်စွမ်းပြပြီး ထိုက်ထိုက်တန်တန် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို အိမ်ရှင်ထိုင်းမှ (က)အသင်း နှင့်(ခ)အသင်း၊ ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့် လာအိုအသင်းတို့ ငါးသင်း ပတ်လည် ယှဉ်ပြိုင်ခဲ့ကြသည်။

ပါဝင်

ချန်ပီယံ မြန်မာလူငယ်ဘော်လီဘောအသင်းတွင် အုပ်ချုပ်/နည်းပြအဖြစ် ဦးရဲမြင့်၊ နည်းပြအဖြစ် ဦးတင့်ဝေ၊ ဒိုင်လူကြီးအဖြစ် ဦးသက်နိုင်ဦး၊ အားကစားသမားများအဖြစ် အောင်မြတ်ထွန်း၊ ဖြိုးဝေအောင်၊ ချစ်ပိုပို၊ စအောင်ဇော်ဇော်၊ ပိုင်သ၊ ကျော်ကျော်ထွေး၊ အောင်ကိုလတ်၊ နေလင်းအောင်၊ ဝင်းထွန်းဦးနှင့် ရဲရင့်ထွန်းတို့ ပါဝင်ကြသည်။

အလားအလာ

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း အောင်မြင်မှု အစဉ်အလာ ကြီးမားခဲ့သည့် အရှေ့တောင်အာရှ လူငယ်တံခွန်စိုက်ပြိုင်ပွဲအပြင် မြန်မာ့လက်ရွေးစင် အသင်းကြီးကိုလည်း လူသစ်များဖြင့် ထပ်မံအားဖြည့်ရန် ဆောင်ရွက်နေရာ ယခု မဲခေါင် ပြိုင်ပွဲ၏အောင်မြင်မှုမှာ ရှေ့ပြိုင်ပွဲများအတွက် အလားအလာကောင်းဟု ဆိုရပေမည်။ ။ **(မြန်မာ့အလင်း)**

အောင်ပွဲရ မြန်မာလူငယ်ဘော်လီဘောအသင်းအား အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-ဖိုးသော်ဇင်)

ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့်နိုင်ငံအချို့ ထင်ရာစိုင်းနေ လုံခြုံရေးကောင်စီကို ပြောင်းလဲဖွဲ့စည်းသင့်ဟု ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌသစ် ပြောကြား

နယူးယောက် စက်တင်ဘာ ၁၇

(၆၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ၌ စက်တင်ဘာ ၁၆ရက်က စတင်ကျင်းပရာ ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌသစ် နီကာရာဂွါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း မီဂွယ်လ်အစ်ကိုတို ဘရော့စ်မင်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဥက္ကဋ္ဌသစ်က မိန့်ခွန်းပြောကြားရာတွင် ကုလသမဂ္ဂကို ဒီမိုကရေစီနည်းလမ်းတကျ ရပ်တည်နိုင်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်ကျိုးရှေ့တန်းတင်မှု၊ တစ်ကိုယ်ကောင်းဆန်မှုတို့ ပြောင်းလဲရေးများကို ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ အခြေခံစားသုံးကုန်ဈေးမြင့်လာခြင်း၊ ငတ်မွတ်ခြင်း၊ ဆင်းရဲခြင်းပြဿနာများကို အဖွဲ့ဝင်နိုင်ငံအားလုံး ဝိုင်းဝန်းဆွေးနွေးကာ ပြောင်းလဲသွားရန် ကြိုးစားသင့်ကြောင်း ထည့်သွင်းပြောကြားသည်။

ထင်ရာလုပ်နေ

ထို့အပြင် ၂၀၀၉ခုနှစ်အတွင်း ကုလသမဂ္ဂကို ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်စေရေး ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံ၏အခန်းကဏ္ဍ၊လုံခြုံရေးကောင်စီ၏ အရွယ်အစားနှင့် ဖွဲ့စည်းပုံတို့ကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၁၅နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီကို ပြောင်းလဲဖွဲ့စည်းရန်ကိစ္စမှာ အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း၊ ဗီတိုအာဏာသုံးခွင့်ရှိခြင်းကပင် လုံခြုံရေးကောင်စီအဖွဲ့ဝင်အချို့ကို ထင်ရာစိုင်းခွင့်ပေးသလိုဖြစ်နေကြောင်း၊ ယင်းလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှာ နောက်ပိုင်းအကျိုးဆက်ကို မကြည့်ဘဲ ထင်ရာလုပ်နေကြကြောင်း ၎င်းက ပြောကြားသည်။

အလေးထား

တစ်ဖန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်မှာ မဖြစ်မနေ လိုက်နာရမည့် ဆုံးဖြတ်ချက်ဖြစ်သင့်ကြောင်း၊ သို့သော် အဖွဲ့ဝင်နိုင်ငံအချို့က အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကိုလျစ်လျူရှုထားကြောင်း၊ ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်လိုသော စိတ်ကူးများအား ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ အကြမ်းဖက်ဝါဒ၊ အဏုမြူလက်နက်ထိန်းချုပ်ရေး၊ လက်နက်ဖျက်သိမ်းရေး စသည်များကို ယခုအထွေထွေညီလာခံ၌ အလေးထားဆွေးနွေးကြရမည့် အချက်များဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

(အင်တာနက်)

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် စက်တင်ဘာ ၁၆ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နယ်စပ်ဖြတ်ကျော် ပျံသန်းလာသည့် တိုက်လေယာဉ်များ ပါကစ္စတန်တပ်ဖွဲ့မှ ပစ်ခတ်တိုက်ခိုက်

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၇

အကြမ်းဖက်တိုက်ခိုက်ရေးသမားများကိုချေမှုန်းရန်အကြောင်းပြချက်ဖြင့် ပါကစ္စတန်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာခဲ့သော အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ စစ်ဘက်ရဟတ်ယာဉ်များကို ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ဟန့်တားခဲ့ကြောင်း ပါကစ္စတန်လုံခြုံရေးအရာရှိများက စက်တင်ဘာ၁၇ရက်တွင် ပြောကြားသည်။

တင်းမာခဲ့

ယခုလ အစောပိုင်းမှစတင်ကာ တာလီဘန်နှင့် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားများအားတိုက်ခိုက်ရန် ပါကစ္စတန်နိုင်ငံအတွင်းဝင်ရောက်မှုနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ပါကစ္စတန်တို့ ဆက်ဆံရေး အနည်းငယ်တင်းမာခဲ့သည်။

မိုင်၁၅ဝခန့်အထိဝင်ရောက်

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ စစ်ရဟတ်ယာဉ်များ ပါကစ္စတန်နိုင်ငံအတွင်း မိုင်၁၅ဝခန့်အထိ ဝင်ရောက်လာသဖြင့် ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အာဖဂန်နစ္စတန်နယ်စပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေရိုက်တာ

နိုင်ငံတကာသတင်း

စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘိန်းဖြူ ကီလိုဂရမ်၄၅ဝ ဗင်နီဇွဲလား၌ ဖမ်းမိ

ကာရာကက် စက်တင်ဘာ ၁၇

ဗင်နီဇွဲလားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် စက်တင်ဘာ ၁၇ရက်က ဘိန်းဖြူကီလိုဂရမ် ၄၅ဝနှင့် ကိုလံဘီယာ နိုင်ငံသားလေးဦးကို ဗင်နီဇွဲလား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဆင်ပွာသတင်း၌ ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မူးယစ်စစ်ဆင်ရေးများ ဆင်နွှဲရာတွင် မူးယစ်ဆေးဝါးတန်ချိန် ၄ဝနှင့် ၎င်းအမှုများနှင့်ဆက်နွှယ်သည့် တရားခံ ၄၆ဝဝကို ဖမ်းဆီးနိုင်ခဲ့သည်။ **(အင်တာနက်)**

သန့်ရှင်းမှုမရှိသောနို့မှုန့်များကို သောက်သုံးသည့်ကလေးငယ်များ သေဆုံးမှုနှင့် နာမကျန်းမှုများဖြစ်ပွား

ပေကျင်း စက်တင်ဘာ ၁၇

တရုတ်နိုင်ငံတွင် သန့်ရှင်းမှုမရှိသောနို့မှုန့်များကို သောက်သုံးခဲ့သည့် ကလေးငယ်အချို့ သေဆုံးပြီး ရာပေါင်းများစွာမှာ နာမကျန်းမှုဖြစ်ပွားလျက်ရှိကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ချန်ကျူက စက်တင်ဘာ ၁၇ရက်၌ ပြောကြားသည်။

ဓာတုအဆိပ်များတွေ့ရှိ

အဆိုပါ နို့မှုန့်များကို တရုတ်နိုင်ငံ မင်နူဒိုင်ရီကုမ္ပဏီမှထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး တရုတ်ကျန်းမာရေးဝန်ကြီးဌာန စားသောက်ကုန်စိစစ်ရေးဆိုင်ရာ အရာရှိများ၏ စစ်ဆေးချက်အရ ၎င်းနို့မှုန့်များတွင် ဓာတုအဆိပ်များတွေ့ရှိရကြောင်း သိရသည်။

မင်နူဒိုင်ရီမှ ထုတ်လုပ်သော နို့မှုန့်အမျိုးအစားပေါင်း ၂၂ မျိုးခန့်တွင် အဆိပ်ဖြစ်ပွားစေသော ဓာတုဗေဒပစ္စည်းများတွေ့ရှိရကြောင်း၊ ထို့အပြင် အချို့ပါဝင်သင့်သည့် ပစ္စည်းအချိုးအစားမှာ သတ်မှတ်ချက်ထက် ပိုမိုမြင့်မားစွာ ပါဝင်နေကြောင်းတွေ့ရှိရသည်ဟု ဆိုသည်။

ပိတ်ပင်တားမြစ်

ထို့အပြင် မသန့်ရှင်းသောနို့မှုန့်များကို ဖြန့်ဖြူးနေသောကုမ္ပဏီ ၂၂ခုတို့ကိုလည်း ပိတ်ပင်တားမြစ်ခဲ့ကြောင်း၊ အဆိုပါ နို့မှုန့်များကို သောက်သုံးခဲ့သည့်ကလေးငယ်များမှာ နာမကျန်းဖြစ်ကာ သေဆုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်း တရုတ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။ ယင်းနို့မှုန့်များကို ဘင်္ဂလားဒေ့ရှ်၊ ယီမင်၊ ဂါဘွန်နှင့် ဘူရွန်ဒီနိုင်ငံများသို့လည်း တင်ပို့လျက်ရှိရာ ယခုအခါ ပိတ်ပင်ထားပြီး ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား သုံးဦးသေဆုံး

အစ္စတန်ဘူလ် စက်တင်ဘာ ၁၇

ပါကစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်း ဆွတ်ဒ်တောင်ကြားဒေသ၌ စက်တင်ဘာ၁၆ရက်က အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဗုံးခွဲ

အသေခံဖောက်ခွဲရေးသမားမှာ ဆွတ်ဒ်တောင်ကြားဒေသရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်သို့ ဝင်ရောက်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ချေမှုန်း

ဒေသတွင်းရှိ တာလီဘန်အကြမ်းဖက်သမားများအနေဖြင့် ဗုံးခွဲတိုက်ခိုက်မှုများ မြင့်တက်လာခဲ့ကြောင်း၊ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆွတ်ဒ်တောင်ကြားဒေသ၌ ပြီးခဲ့သည့် ရက်သတ္တပတ်များက အကြမ်းဖက်သောင်းကျန်းသူများအား ချေမှုန်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများစွာ သေဆုံးခဲ့ကြောင်း ယင်းသတင်း၌ ပါရှိသည်။

(အင်တာနက်)

ကံကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ရာဝယ်.... နိုင်ငံတကာမှုခင်း

ဘာမင်ဂမ်မြို့သည် ဗြိတိန်နိုင်ငံအနောက်ပိုင်း မြေလတ်ပိုင်းဒေသတွင်တည်ရှိပြီး လူဦးရေ ၁၂သိန်းကျော်နေထိုင်သော စက်မှုလုပ်ငန်းထွန်းကားသည့်မြို့ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သဖြင့် စီးပွားရေးသမားများ အများအပြားသွားရောက်အခြေချရာ မြို့လည်းဖြစ်သည်။

ရှန်းကန်ရင်ဆိုင်

ယင်းမြို့ နယူးတောင်းအရပ်တွင် အသက်၂၄နှစ်အရွယ်ရှိ ဒီမီထရီဖော့စကင်**(ယာပုံ)**အမည်ရှိ လူငယ်တစ်ဦးသည် မိခင်နှင့်အတူ အေးချမ်းစွာနေထိုင်ခဲ့သည်။ ဒီမီထရီ၏ဖခင်မှာ သူငယ်စဉ်ကတည်းက ဆုံးသွားခဲ့ရာ ထိုအချိန်မှစ၍ သူတို့သားအမိနှစ်ဦးသည် ဘဝကို ရှန်းကန်ရင်ဆိုင်ခဲ့ရသည်။

စိတ်အေးချမ်းသာ

ဒီမီထရီ၏ဖခင်မှာ အသင့်အတင့်စုဆောင်းခဲ့သဖြင့် သူတို့သားအမိနှစ်ဦး ၎င်းတို့၏စားဝတ်နေရေးအတွက် အထိုက်အလျောက်စိတ်အေးချမ်းသာဖြစ်ခဲ့ရသည်။ ဒီမီထရီသည်တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ တက္ကသိုလ်ဒုတိယနှစ်အရောက် လွန်ခဲ့သည့် ၂၀၀၃ခုနှစ် အသက်၁၈နှစ်အရွယ်တွင် ကျောင်းဆက်မတက်ဖြစ်တော့ဘဲ မိခင်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရန် ကားအပိုပစ္စည်းထုတ်လုပ်သော ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

အလုပ်ထွက်ခဲ့

ပြီးခဲ့သည့် ဇူလိုင်လကုန်က လုပ်သက်ခြောက်နှစ်ကျော်ရရှိပြီး လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ကာ ဒီမီထရီက လစာတိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း ဒီမီထရီ၏ အရေးဆိုမှုကိုလျစ်လျူရှုခဲ့၍ ယင်းကုမ္ပဏီမှ အလုပ်ထွက်ခဲ့သည်။

ယခင်ကား ပစ္စည်းကုမ္ပဏီတွင် အလုပ်လုပ်စဉ်က အပြင်သို့ ထွက်ကာ သွားလာလည်ပတ်ခွင့်မရခဲ့သော ဒီမီထရီသည် နောက်ထပ် အလုပ်တစ်ခုကိုရှာဖွေနေစဉ် အပြင်လောကသို့ သွားရောက်လည်ပတ်ဖြစ်ခဲ့။ ထိုသို့လည်ပတ်ခဲ့ခြင်းကပင် ဒီမီထရီ အနေဖြင့် မမျှော်လင့် မထင်မှတ်သော အန္တရာယ်နှင့် ကြုံတွေ့ရန် ဖန်တီးသကဲ့သို့ ခဲ့၏။

ကြုံတွေ့ခဲ့ရ

ထို့ကြောင့် ဒီမီထရီသည် နောက်ထပ်အလုပ်တစ်ခု ထပ်မံရှာဖွေပြီး အလုပ်ရရန် ကြိုးစားရင်း အလုပ်လက်မဲ့ ဖြစ်နေရသည်။ ထို့ကြောင့် ယခင်ကား ပစ္စည်းကုမ္ပဏီတွင် အလုပ်လုပ်စဉ်က အပြင်သို့ထွက်ကာ သွားလာလည်ပတ်ခွင့်မရခဲ့သော ဒီမီထရီသည် နောက်ထပ်အလုပ်တစ်ခုကို ရှာဖွေနေစဉ် အပြင်လောကသို့ သွားရောက်လည်ပတ်ဖြစ်ခဲ့သည်။ ထိုသို့လည်ပတ်ခဲ့ခြင်းကပင် ဒီမီထရီအနေဖြင့် မမျှော်လင့် မထင်မှတ်သော အန္တရာယ်နှင့်ကြုံတွေ့ရန် ဖန်တီးသကဲ့သို့ ဖြစ်ခဲ့သည်။

ပြန်လာခဲ့

ဒီမီထရီသည် လွန်ခဲ့သော ဩဂုတ်၂၃ရက်က မိတ်ဆွေသူငယ်ချင်းများ၊ ဝမ်းကွဲ ညီအစ်ကိုမောင်နှမများနှင့်အတူ အပြင်ထွက်ကာ လည်ပတ်ခဲ့ပြီး ည၁၁နာရီကျော်ခန့်တွင် ထိုသူများနှင့် လမ်းခွဲကာ သူနေထိုင်ရာအိမ်သို့ လမ်းလျှောက်ပြန်လာခဲ့သည်။

လွတ်မြောက်ရန်ကြိုးစားခဲ့

ထိုစဉ် လမ်းမတစ်ခုသို့အရောက်တွင် ရှေ့မှထွက်ပြေးနေသော လူအုပ်နောက်သို့ လူတစ်စု လက်နက်များကိုင်ဆောင်လျက် အပြေးအလွှားလိုက်လာနေသည်ကို တွေ့ရလေသည်။ လူအုပ်ကြားသို့ ရောက်နေသော ဒီမီထရီသည် ရုတ်တရက် ကြက်သေသေသွားခဲ့သော်လည်း ၎င်းအား အန္တရာယ်ကျရောက်နိုင်သည်ကို ချက်ချင်းသဘောပေါက်ကာ ခြံဝင်းကြီးတစ်ခုအတွင်းသို့ ပြေးဝင်ပြီး ကာရံထားသော အုတ်တံတိုင်းကြီးအားကျော်တက်လျက် တစ်ဖက်သို့ ထွက်ပြေးလွတ်မြောက်ရန်ကြိုးစားခဲ့သော်လည်း အုတ်တံတိုင်းကို ကျော်မတက်နိုင်ခဲ့ပေ။

သေဆုံး

ထို့ကြောင့် နောက်မှပြေးလိုက်လာကြသော လူစုအတွင်းမှ တစ်ဦးက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဒီမီထရီမှာ ဆေးရုံအရောက်တွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

လိုက်လံရှာဖွေဖမ်းဆီး

၎င်းအား ပစ်ခတ်ခဲ့သော လူစုမှာ ၂၀၀၃ခုနှစ် ဇန်နဝါရီ ၁ရက်က တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်မှုကြောင့် အသက်၁၇နှစ်ရှိ လီတီရှာရှိတ်စပီးယားနှင့် အသက် ၁၈နှစ်ရှိ ချာလီနီအယ်လ်လစ်တို့ သေဆုံးမှုနှင့်ပတ်သက်ပြီး ထိုသူများအား ထောင်ဒဏ်အသီးသီး ကျခံခဲ့ပြီးဖြစ်သည်။ သက်ဆိုင်ရာက ၎င်းတို့အား လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိသည်။

ယခုဖြစ်ရပ်တွင် မိခင်နှင့်အတူ ဘဝကို အေးချမ်းစွာဖြတ်သန်းခဲ့ပါသော်လည်း ကြုံတင်မသိမြင်သော ကံကြမ္မာ၏ စေစားမှုကြောင့် အသက်နှင့်ရင်း၍ ပေးဆပ်ခဲ့ရသော အပြစ်မဲ့သည့် ဒီမီထရီဖော့စကင်၏ ရင်နင့်ဖွယ်ရာအဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ)သင်တန်းဖွင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ INGO တို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ)သင်တန်းကို စက်တင်ဘာ ၁၅ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ဆက်လက်၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မင်္ဂလာမြန်မာ ဖောင်ဒေးရှင်းအဖွဲ့မှ ဒေါက်တာအောင်ထွန်းသက်က သင်တန်းနှင့်စပ်လျဉ်းသည်များကို ပဏာမ ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သောသင်တန်းကိုသဘာဝဘေးဒဏ်စီမံခန့်ခွဲရေးတွင် ပါဝင်ပတ်သက်နေသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်ရည်ရွယ်၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGO များမှ အတွေ့အကြုံရှိနည်းပြများ၏ နိုင်ငံတကာအတွေ့အကြုံကိုရယူ၍ ပြည်သူများအား ထိထိရောက်ရောက် ပြန်လည်ဆင့်ပွား ပညာပေးနိုင်စေရေးအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF Myanmar UNDP, Malteser International, Pact Myanmar, ACF, Mercy Crop, Action Aid နှင့် Mingalar Myanmar Foundation တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို စက်တင်ဘာ၁၅ရက်မှ ၁၉ရက်အထိ ပို့ချသွားမည်ဖြစ်ကာ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ သင်တန်းသား ၂၀နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနသုံးခုမှ သင်တန်းသား ၁၀ဦး စုစုပေါင်း သင်တန်းသား၃၀ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သာမြို့နယ် ဇဂျမ်းတိုက်နယ်ဆေးရုံဖွင့် ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၇

မြင်းခြံခရိုင် တောင်သာမြို့နယ် ဇဂျမ်းတိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက် ၈နာရီက အဆိုပါတိုက်နယ်ဆေးရုံရှေ့၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးစိုးရွှေ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသန်းဌွေးအောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဦးတို့က တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် တိုက်နယ်ဆေးရုံကို နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အမှာစကားပြောကြားပြီး တိုက်နယ်ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးကော်မတီက တိုင်းကျန်းမာရေး ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးထံ တိုက်နယ်ဆေးရုံအတွက် စေတနာရှင်များက ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တောင်သာမြို့နယ် ဆင်သေရွာ၌ ပတ်ဝန်းကျင်ကျေးရွာ ၁၃ရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တောင်သာမြို့နယ် အောင်ချမ်းသာ ကျေးရွာ၌ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ဝဲလောင်ရေလှောင်တမံ မြောင်းမကြီး ဆည်ရေကိုအသုံးပြု၍ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးခင်းများ၊ ယာစိုက်ခင်းများနှင့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊ ရေအားလျှပ်စစ်ထုတ်နိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၇

ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဆယ်မောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ရဲချုပ်တို့၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါအား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါအား ဂျပန်နိုင်ငံ Junko Association ဥက္ကဋ္ဌ Meji Gakuin Universityမှ ပါမောက္ခ Mr. Masahito Ebashi နှင့်အဖွဲ့သည် စက်တင်ဘာ ၁၅ရက် ညနေ၄နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။(အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထိုသို့တွေ့ဆုံရာတွင် ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါက အသင်းကြီး၏ အကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အသင်းကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများ၊ လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဂျပန်နိုင်ငံ Junko Association ဥက္ကဋ္ဌနှင့်အဖွဲ့က သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး အသင်းကြီး၏ ဆောင်ရွက်နေမှုများကို ပရိဂျက်တာဖြင့် ပြသသည်။ **(သတင်းစဉ်)**

ကျောင်းကုန်း၌ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးရေး တမန်းနှိုး၊ ပေါင်းလိုက်၊ မြေဩဇာကြဲပက်

ကျောင်းကုန်း စက်တင်ဘာ ၁၇

၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုးစပါးများ တစ်ဧကအထွက်နှုန်း တိုးတက်အောင်မြင်ရေးအတွက် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များသည် စခန်းနယ်မြေအလိုက် ကွင်းဆင်း၍ တစ်မြို့နယ်လုံးရှိ လယ်ယာမြေအားလုံးတို့တွင် စုပေါင်း၍ တမန်းနှိုးခြင်း၊ ပေါင်းမြက်လိုက်ခြင်းနှင့် သဘာဝမြေဩဇာကြဲပက်ပွဲကိုဩဂုတ်၂၈ရက် နံနက်၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဆိတ်ဖူးနီကျေးရွာ လယ်သမားကြီး ဦးကျော်လွင်၏ ဆင်းသုခစပါး လယ်မြေရှစ်ဧကတွင် ကျင်းပရာ**(ဝဲပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၁၅၄)**

အသိပညာပေးဟောပြော

စက်တင်ဘာ ၁၄ရက်က တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဖြိုးမေတ္တာဓမ္မာရုံတွင် မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် အသိပညာပေးဟောပြောပွဲကို ကျင်းပရာ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်ဝင်း မှုခင်းပေါ်ပေါက်ရခြင်းနှင့် ကာကွယ်တားဆီးနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောစဉ်။ (၁၂၃)

● *ကျောဖုံးမှ*

ထို့ကြောင့် ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင် အစီအစဉ်ကို လက်တွေ့ရိုက်ကူးနေသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ Excel Treasure Hotel သို့ ရောက်ရှိခဲ့သည်။ ခန်းမအတွင်း ရောက်ရှိချိန်တွင် စင်မြင့်ပေါ်၌ သရုပ်ဆောင်နေသူများ၊ ရိုက်ကူးစက်များ၊ အသံဖမ်းစက်များ၊ လာရောက်အားပေးကြည့်ရှုနေသူများဖြင့် စည်ကားစွာ တွေ့မြင်ရသည်။

"လူငယ်တွေအတွက် အကောင်းဆုံးအခွင့်အလမ်းတစ်ရပ် ဖြစ်စေတာပေါ့"

ဒေါ်မြင့်မြင့်ခင်
ဝါရင့်ရုပ်ရှင်သရုပ်ဆောင်

ကင်မရာများ၊ ဆလိုက်မီးများအောက်တွင် သရုပ်ဆောင်နေသူ လူငယ်နှစ်ဦးတို့၏ သရုပ်ဆောင်မှုများမှာ အံ့ဩဖွယ်ကောင်းအောင် ပီပြင်လွန်းလှသည်။ တကယ့်ဝါရင့်အနုပညာရှင်များ သရုပ်ဆောင်နေသည့်အတိုင်းပင် ဖြစ်သည်။ သရုပ်ဆောင်များ၏ လိုအပ်ချက်များကို သင်ကြားပြသနေသော ဒါရိုက်တာ တင်အောင်ရွှေ (သုတေသီ) ကိုလည်း တွေ့ရသည်။ လိုချင်သည့် အမူအရာနှင့် ဇာတ်ဝင်ခန်းရအောင် အကြိမ်ကြိမ် စိတ်တိုင်းကျ ပြင်ဆင်ရိုက်ကူးနေသည့် ဒါရိုက်တာကို ကြည့်ရုံဖြင့်ပင် စိတ်မောလူမောဖြစ်ရသည်။

ရွေးချယ်

စင်မြင့်ရှေ့တွင် သရုပ်ဆောင်နေမှုများကို အကဲဖြတ်နေသော ဒိုင်လူကြီးများအဖြစ် ဝါရင့်သရုပ်ဆောင်ဒေါ်မြင့်မြင့်ခင်၊ ဒါရိုက်တာဦးကြည်စိုးထွန်း၊ ဒါရိုက်တာ တင်သန်းဦး၊ သရုပ်ဆောင်နှင့်ဒါရိုက်တာ ထွန်းထွန်းဝင်းတို့ကလည်း စနစ်တကျ အမှတ်ပေးနေကြသည်။ ယနေ့အစီအစဉ်မှာ **"ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်"** အစီအစဉ်၏ ဇာတ်လမ်းစဉ် ၁၇မှ ၂၀ အထိ ရိုက်ကူးခြင်းဖြစ်ပြီး သရုပ်ဆောင်သူများထဲမှ ထူးချွန်သူများအား ဆုများလည်း ရွေးချယ်ပေးခြင်းဖြစ်သည်။

ယနေ့ အစီအစဉ်၌ အကဲဖြတ်ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြင့်မြင့်ခင်နှင့် တွေ့ဆုံမေးမြန်းရာ "ကလေးတွေစိတ်ပါဝင်စားစွာနဲ့ ကြိုးစားကြတယ်။ အားလုံးလိုလို အရည်အချင်းရှိတဲ့သူတွေပါပဲ။ လေ့ကျင့်မှုတွေကို တစ်ပတ်လောက် ကြိုတင် အသိပေးလေ့ကျင့်ထားတာမို့ အဆင်ပြေပြေ သရုပ်ဆောင်နိုင်ကြတယ်။ အမေတို့ခေတ်နဲ့ မတူတော့ဘူး၊ အမေတို့ခေတ်က ရိုက်ကွင်းရောက်မှ လေ့ကျင့်ကြရတာ၊ ဒီလိုအစီအစဉ်တွေလည်းမရှိဘူး၊ အခုတော့ အနုပညာကို စိတ်ဝင်စားတဲ့ လူငယ်တွေအတွက် အကောင်းဆုံးအခွင့်အလမ်းတစ်ရပ် ဖြစ်စေတာပေါ့"ဟု ပြောကြားသည်။

သရုပ်ဆောင်

သရုပ်ဆောင် ဒေါ်မြင့်မြင့်ခင်မှာ အသက် ၇၅နှစ်အရွယ် ရှိသော်လည်း ကျန်းမာနုပျိုဆဲပင်။ ယခုလောလောဆယ်၌ ဒါရိုက်တာမောင်ဗေဒါ၏ **"စနေ"** ဇာတ်ကားတွင် မင်းဟိဏ်း၊ ညွှန့်သည် သရုပ်ဆောင် ပန်းဖြူတို့အတူ အဘွား၊ သား၊ မြေးတို့၏ မေတ္တာဘွဲ့ဇာတ်လမ်း၌ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ထို့နောက် **"ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်"**ကို ဖန်တီးရိုက်ကူးသူ ဒါရိုက်တာ တင်အောင်ရွှေ(သုတေသီ)နှင့် တွေ့ဆုံမေးမြန်းရာ "ရုပ်ရှင်သရုပ်ဆောင်တွေ ရှားပါးနေချိန်မှာ တကယ့်ပါရမီရှိတဲ့ မျိုးဆက်သစ်တွေကို အမှန်ကန်ဆုံး လမ်းကြောင်းနဲ့ အနုပညာ စင်မြင့်ပေါ် တင်ပေးနေတဲ့ အစီအစဉ်ပါပဲ။ သူတို့တွေ ကြိုးစားရင် ပရိသတ်တွေရင်ထဲ ချက်ချင်းရောက်စေတာမို့ လူငယ်မျက်နှာသစ်လေးတွေကို အပင်ပန်းခံပြီး ပျိုးထောင်ပေးနေတာပါ။ လူငယ်တွေအနေနဲ့ အမှန်တကယ် ဝါသနာပါတယ်၊ ရုပ်ရည်လည်းရှိတယ်၊ ထိထိရောက်ရောက်နဲ့ ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်သာရှိဖို့လိုတာပါ။ ဒီအစီအစဉ်မှာ ပါဝင်ဖို့အတွက် ငွေကုန်ကြေးကျ မလိုပါဘူး။ မျိုးဆက်သစ်တွေကို အနုပညာ စင်မြင့်ရောက်အောင် မှန်ကန်တဲ့လမ်းကြောင်းတစ်ခုကို ကြိုးစားအကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မှန်ပါသည်။ စင်မြင့်ထက်၌ သရုပ်ဆောင်နေကြသူလူငယ်များကို စင်မြင့်ပေါ်တက် သင်ပြလိုက်၊ ပြန်ဆင်းလိုက်နှင့် ကြိမ်ဖန်များစွာလုပ်နေသော ဒါရိုက်တာ တင်အောင်ရွှေ(သုတေသီ)မှာ ခဏသာ ဖြေကြားနိုင်ပြီး စင်မြင့်ပေါ် တက်သွားသည်ကို တွေ့ရသည်။

အခွင့်အလမ်း

ထို့နောက် ယနေ့အစီအစဉ်၌ ပါဝင်ကူညီနေသည့် သရုပ်ဆောင်ဆန်းထွဋ်ကလည်း "သူတို့တွေအတွက် အခွင့်အလမ်းကောင်းတစ်ခုပါပဲ၊ ဝါရင့်အနုပညာရှင်ကြီးတွေက အကဲဖြတ်ပေးကြတယ်၊ ရုပ်ရှင်ကင်မရာတွေနဲ့ လက်တွေ့ရိုက်ကူးရ၊ သရုပ်ဆောင်ခွင့်ရတာမို့ ကြိုးစားသူတွေအတွက် တက်လမ်းတစ်ခုဖြစ်ပါတယ်"ဟု ပြောပြသည်။

ထို့အပြင် ယနေ့ရိုက်ကူးရေးတွင် စီစဉ်တင်ဆက်သူတစ်ဦးဖြစ်သည့် သရုပ်ဆောင် ပွင့်နဒီမောင်ကလည်း "သရုပ်ဆောင်ကြတဲ့သူတွေ တစ်ဦးနဲ့တစ်ဦးတော့ မတူကြဘူးပေါ့၊ ဒါပေမယ့် ရည်ရွယ်ချက်

"ဒီလို အစီအစဉ်တွေ များများ လုပ်ပေးလေ ရုပ်ရှင်အနုပညာအတွက် ကောင်းလေပါပဲ"

ပွင့်နဒီမောင်
ရုပ်ရှင်သရုပ်ဆောင်

ကောင်းကောင်းနဲ့ အားထည့် ကြိုးစားသွားကြတယ်၊ ကိုယ့်ဟန် ကိုယ့်စတိုင်နဲ့ အတတ်နိုင်ဆုံး သရုပ်ဆောင်သွားတာတွေ့ရတယ်၊ ဒီလိုအစီအစဉ်မျိုးတွေ များများ လုပ်ပေးလေ ရုပ်ရှင်အနုပညာအတွက် ကောင်းလေပါပဲ"ဟု ပြောကြားသွားသည်။

စိတ်တိုင်းကျ

ထို့နောက် "ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်" ဇာတ်လမ်းစဉ် (၁၉)၌ **"ပဟေဠိနှုတ်သမီး"**ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်းကို ပါဝင်သရုပ်ဆောင်ခဲ့သည့် မရေအေးပန်းက "ပထမဆုံး သရုပ်ဆောင်ဖြစ်တာပါ၊ ကြောက်စိတ်တော့ မရှိပါဘူး၊ ဝါသနာပါတာမို့ စိတ်တိုင်းကျ သရုပ်ဆောင်နိုင်ခဲ့ပါတယ်၊ သမီးက အောင်မြင်တဲ့ အနုပညာရှင်တစ်ဦး ဖြစ်လိုတာပါ"ဟု ပွင့်လင်းစွာ ဖြေကြားသွားသည်။

တစ်ဖန် "ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်" ဇာတ်လမ်းစဉ်(၁၈)အဖြစ် ကျော်ဟိန်းနှင့် တင့်တင့်ထွန်းတို့ ပါဝင် သရုပ်ဆောင်ထားသည့် **"လူမိုက်တစ်ရာ"** ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို သရုပ်ဆောင်ခဲ့သည့် နေရှိန်ကလည်း "ရန်ကုန်မြို့ ကျောက်မြောင်းမှာ နေထိုင်ပါတယ်။ ဒဂုံတက္ကသိုလ် ပထမနှစ်ကျောင်းသားပါ။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်ကို အမြဲကြည့်ပြီး စိတ်ဝင်စားတာနဲ့ နောက်ပြီးသရုပ်ဆောင်အဖြစ် ဝါသနာလည်းပါတာမို့ အခုလို ပါဝင်သရုပ်ဆောင်ဖြစ်တာပါ။ ကျော်ဟိန်း

"ကြိုးစားသူတွေ အတွက် တက်လမ်းတစ်ခုဖြစ်ပါတယ်"

ဆန်းထွဋ်
သရုပ်ဆောင်

နဲ့ တင့်တင့်ထွန်းတို့ စကားပြောခန်းမှာ ကျော်ဟိန်းအနေနဲ့ သရုပ်ဆောင်ရတာပါ။ သူနဲ့မတူအောင်လည်း ကြိုးစားခဲ့ပါတယ်။ ဒီအစီအစဉ်က ပရိသတ်ရင်ထဲကို တိုက်ရိုက်ရောက်ရှိနိုင်တာမို့ တတ်စွမ်းသမျှ ကြိုးစားထားပါတယ်"ဟု ပြောကြားသွားသည်။

ပထမအကြိမ်

ထို့နောက် **"ရင်ဖွင့်ခွင့်ပေးပါ"** ဇာတ်ကားတွင် ခန့်စည်သူနှင့်ခင်စိုးပိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော ဇာတ်ဝင်ခန်းတစ်ခန်း၌ သရုပ်ဆောင်ခဲ့သူ ဇော်မျိုးအောင်(ခ) ရန်ရှင်းကလည်း "ဒါပထမဆုံးအကြိမ် သရုပ်ဆောင်ခြင်းပါပဲ။ ရုပ်ရှင်အနုပညာကို ဝါသနာပါတော့ ဒီအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှာ အမြဲကြည့်ဖြစ်ပါတယ်။ ကျွန်တော်က ငယ်စဉ်ကတည်းက ကွဲသွားတဲ့ ညီလေးနဲ့ ညီမလေးကို အရွယ်ရောက်လာချိန်မှာ သက်ဆိုင်သူတွေဆီက ပြန်တောင်းတဲ့ စကားပြောခန်းမှာ သရုပ်ဆောင်ခဲ့တာပါ။ အကောင်းဆုံး သရုပ်ဆောင်ခဲ့ပါတယ်"ဟု ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌နေထိုင်သူ ဇော်မျိုးအောင်(ခ) ရန်ရှင်းက ပြောပြသွားသည်။

ထို့ကြောင့် **"ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်"**သည် အနုပညာမျိုးဆက်သစ်များမွေးထုတ်ရာ ပျိုးဥယျာဉ်တစ်ခုသဖွယ် ဖြစ်နေပါကြောင်း အနုပညာသတင်း ဖြန့်ခင်းပေးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

သရုပ်ဆောင်နေသူနှစ်ဦးတို့၏ အမူအရာကို ဤသို့တွေ့ရသည်။

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr Bhaskar Kumar Mitra သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုသင်တန်းကျောင်းတည်ဆောက်ရေးကိစ္စနှင့် နှစ်နိုင်ငံ စက်မှုနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာသို့ အမှတ် (၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် ၁၂/၂၀၀၈ ကို အောက်တိုဘာ ၁ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

လက်ခံသင်ကြား

သင်တန်းသူအမျိုးသမီး ၃၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင်ရယူ၍ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ **(အမျိုးသမီးရေးရာ)**

ဝိုင်းမော်စည်ပင် ကျောက်စုဆောင်းခြင်းဆောင်ရွက်

ဝိုင်းမော် စက်တင်ဘာ ၁၇

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒူဝါဇော်လွန်းလမ်း ကတ္တရာခင်းခြင်းအတွက် ကျောက်စုဆောင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း — မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင် မိုးသက်လေပြင်းများ ကျရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၇

စက်တင်ဘာ ၁၆ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက ဗြိတိန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ်များပျက်စီးမှုဖြစ်ပေါ်ခြင်း၊ အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင်ငလျင်တစ်ခုလှုပ်ခဲ့ခြင်း၊ အမေရိကန် မင်နီဆိုးတားပြည်နယ် အရှေ့ပိုင်းတွင် မြေပြိုမှုဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာခဲ့သည်။ တနင်္သာရီတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၁၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ထားဝယ်	၄ ဒသမ ၀၉ လက်မ
မောင်တော	၂ ဒသမ ၅၂ လက်မ
ကျောက်တော်	၂ ဒသမ ၂၄ လက်မ
ကလေး	၁ ဒသမ ၉၃ လက်မ
အမ်း	၁ ဒသမ ၆၁ လက်မ

စက်တင်ဘာ ၁၈ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ဒေသများ၌ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ ၁၈ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်လည်း နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မုတ်သုံလေ

မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအား အသင့်အတင့်ရှိကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေဆဲဖြစ်သည်။

လှိုင်းအသင့်အတင့်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင် အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

* *ကျောဖုံးမှ*

ကုန်သွယ်ရေးမူဝါဒများနှင့်အညီ ပြည်တွင်း၌သာမက ပြည်ပသို့ပါတင်ပို့ပြီး နိုင်ငံတကာ အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံအတွင်း ထရန်စဖော်မာများ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ထားသော ထရန်စဖော်မာများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရွှေပြည်သာ စက်မှုဇုန် အပိုင်း(၃)ရှိ Grains & Manufacturing Co., Ltd. ၏ ဦးကြူမိသားစုဂျုံစက်ရုံသို့ ရောက်ရှိကြပြီး ဦးကြူမိသားစု ဂျုံစက်ရုံအတွင်း ထုတ်လုပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တက်ဖြိုးဝေကုမ္ပဏီလီမိတက်၏ ပုစွန်၊ ကဏန်း၊ ရေဘဝဲ အအေးခန်းနှင့် ရေခဲစက်ရုံသို့ ရောက်ရှိကြပြီး ပုစွန်၊ ကဏန်း၊ ရေဘဝဲများအား အမျိုးအစား ခွဲနေမှုနှင့် အေးခဲခြင်းလုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထုတ်လုပ်ပေး

ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)ကို ၁၉၉၀ပြည့်နှစ်တွင် လည်းကောင်း၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၂)နှင့် အပိုင်း(၃)တို့ကို ၁၉၉၈ခုနှစ်တွင်လည်းကောင်း၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၄)ကို ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း စတင်တည်ထောင်ပြီး ယခုအခါ စက်မှုဇုန်အပိုင်း(၁)၌ လည်ပတ်စက်ရုံပေါင်း ၁၁၅ရုံ၊ စက်မှုဇုန်အပိုင်း(၂)၊ (၃)နှင့်(၄)တို့၌ လည်ပတ်စက်ရုံပေါင်း ၁၀၅ရုံရှိကာ အဆိုပါစက်ရုံများမှ အထည်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးနှင့် သံရည်ကျိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်းနှင့် ရေထွက်ပစ္စည်းတို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းပြီး TZTN Co. က တာဝန်ယူဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များတွင် မိသားစုများနေထိုင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ဖျာပုံ-ဘိုကလေးကားလမ်း ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ဖျာပုံ-ဘိုကလေးလမ်းပိုင်း ပြုပြင်ပြီးစီးမှု ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၄ရက်တွင် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖျာပုံ-ဘိုကလေး လမ်းပိုင်းပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးစိုးကိုကိုက ဖျာပုံ-ဘိုကလေး ကားလမ်း၏ မူလနှင့် လက်ရှိလမ်းအခြေအနေများ၊ ကျောက်သယ်ယူစုဆောင်းမှုနှင့်ရရှိမှု၊ လမ်းလုပ်ငန်းပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်များဖြင့် ဖျာပုံ-ဘိုကလေး ကားလမ်း ပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စည်ပင်သာယာရေး ဦးစီးဌာနမှ အင်ဂျင်နီယာအင်အား၊ စက်ယန္တရားအင်အားများ အပြည့်အဝစုဖွဲ့လျက် ဩဂုတ်၂၅ရက်မှ စတင်ပြင်ဆင်လျက်ရှိရာ ရက်သတ္တသုံးပတ်အတွင်း ယာဉ်များ ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ မိုးမကျမီအခြေအနေအတိုင်း သွားလာမောင်းနှင်နိုင်အောင်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

တက်ရောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၅ရက်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ကျင်းပသော မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမေဦးဟန်၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်သူရပိုင်တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အတွင်း လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အလှူရှင် ၃၅ဦးတို့က အလှူငွေကျပ် ၂၁၉၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ၁၃ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ထန်းပင်ကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဖွင့်လှစ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် လေ့ကြီးအိုင် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပြီး အမှာစကား ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ၃၀ ရှိပြီး စုစုပေါင်း ငွေကျပ် ၁၃၅သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

တက်ရောက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဝက်ကုန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အားပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ၁၀၀၊ အနံ ပေ၃၀ ရှိပြီး စုစုပေါင်း ငွေကျပ် ၁၀၅သိန်း အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့ တက်ရောက် အမှာစကား ပြောကြားကြပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စက်တင်ဘာ၁၅ရက် နံနက်ပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာရှိ ကျန်းမာရေးဝန်ကြီးဌာနရှေ့တန်းကျန်းမာရေးအဖွဲ့ဆေးခန်း၊ ကျေးရွာစာကြည့်တိုက်များနှင့် ထူးကုမ္ပဏီမှ တည်ဆောက်ထားသည့် လူနေအိမ်အလုံး ၁၂၀၌ နေထိုင်သူများအား လှည့်လည်ကြည့်ရှု အားပေးပြီး ကျေးရွာခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံသည်။ ထို့နောက် ဝန်ကြီးသည် ကြိမ်ချောင်းကြီး အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ထီးနှင့်လက်ဆောင်ပစ္စည်းများ ပေးဝေသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာ၌ I Love Myanmar က လှူဒါန်းသည့် လူနေအိမ်၁၄၈လုံးအား မင်းဆောက်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းအတွက် ထီး၊ မုန့်နှင့် ငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့

ထို့နောက်ဝန်ကြီးသည်ဘိုကလေးမြို့နယ် ကပ်သမျှင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းအတွက် ထီး၊ မုန့်နှင့်ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ထီး၊ မုန့်နှင့် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။
(သစ်တော)

● ရှေ့ဖုံးမှ

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကြက်လျှာကျေးရွာကို စံပြကျေးရွာတစ်ရွာ ဖြစ်လာအောင် ကြိုးပမ်းတည်ဆောက်ခဲ့မှုများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကျေးရွာသူ ကျေးရွာသားများအတွက် ဘော်လီဘောကွင်း၊ ဘောလုံးကွင်းနှင့် ပိုက်ကျော်ခြင်းကွင်းတို့ တည်ဆောက်ထားမှုများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်လျှာကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုက်လံနှုတ်ဆက် သည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကျယ်ရှစ်ပေ၊ အမြင့် သုံးပေရှိ သဲနုန်းများဖြင့် ပေါင်တင်ကာ ဆောင်ရွက်ထားသော ကျေးရွာပတ်လမ်း များကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းပြီး TZTM Co. က တာဝန်ယူ ဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များတွင် မိသားစုများနေထိုင်မှုများကို လည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် နေအိမ်များ၌ တစ်နိုင်တစ်ပိုင် ဈေးဆိုင်ငယ် များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလင်းရောင် ကိုယ့်အား ကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှုအားပေးကြပြီး စာအုပ် စာစောင်များ စုဆောင်းထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဘိုကလေးမြို့

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့သို့ ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူ များက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဘိုကလေးမြို့ကွပ်ကဲ ရေးရုံး၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် က ဖျာပုံ-ဘိုကလေး ကားလမ်း ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စည်ပင်သာယာ ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖျာပုံ-ဘိုကလေး ကား လမ်း၏ ဘိုကလေးဘက်ခြမ်း ပြင်ဆင် ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်က ဖျာပုံ-ဘိုကလေး ကား လမ်း၏ ဖျာပုံဘက်ခြမ်း ပြင်ဆင်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လမ်းများပြုပြင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က မှာကြားရာ၌ လမ်းများကို

ကျေးရွာပတ်လမ်း ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြက်လျှာကျေးရွာတွင် အကျယ်ရှစ်ပေ၊ အမြင့် သုံးပေရှိ သဲနုန်းများဖြင့် ပေါင်တင်ကာ ဆောင်ရွက်ထားသော ကျေးရွာပတ်လမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များ

မော်လမြိုင်ကျွန်း မြို့နယ် ကြက်လျှာကျေးရွာတွင် ပြည် ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်က လှူဒါန်းပြီး TZTM Co. က တာဝန်ယူ ဆောက်လုပ်ထားသည့်အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ် များကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီဆေးခန်း ဖွင့်လှစ် ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွာလမ်းဘေး ဝဲ/ယာတို့၌ အရိပ်ရလေကာပင်များ စိုက်ပျိုးထားမှု၊ နေအိမ်ဝင်းများအတွင်း စားသုံးပင်၊ ဟင်းသီးဟင်းရွက်ပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာနက လေးလက်မ အဝီစိ စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ လက်ထောက် အင်ဂျင်နီယာ ဦးအောင်ငွေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် WEG ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ကျေးရွာ အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးသွားမည့် အသေး စား အနေးနှုန်း သဲရေစစ်ကန်စနစ်၏ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျေးရွာတည်ဆောက်ရေး အတွက် သဲနုန်းများဖြည့်သည့် မြေသားမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တစ်ဦးက လက်ခံသည်။

ဆက်လက်၍ ကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ကြက်လျှာကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြား သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာအတွက် စားစရာ များနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ရေနံဆီ၊ ဒီဇယ်ဆီသုံး မီးဖိုများကို ကျေးရွာမှ တာဝန်ရှိသူများအား ပေးအပ်သည်။

အနည်းငယ်ပျက်သည်နှင့် ပြုပြင်သွားရန်လိုကြောင်း၊ အပျက်အစီးများမှ ပြုပြင် ပါက ပြင်ဆင်ရသည့်လုပ်ငန်းပမာဏ များပြားသကဲ့သို့ နိုင်ငံတော်၏ ဘဏ္ဍာ ငွေကြေးလည်း ပိုမိုကုန်ကျမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာ အင်ဂျင်နီယာများတွင် လမ်းများ အစဉ်အမြဲကောင်းမွန်နေ စေရေးအတွက် အဓိက တာဝန်ရှိသကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း မိမိတို့ မြို့နယ်အလိုက် ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ ပြင်ဆင်နိုင်ရန် တွန်းအားပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သည့် လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည်ဖြစ်စေ နိုင်ငံတော်အကျိုးကို ရှေးရှုဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

ပြင်ဆင်ပြီးစီး

ဖျာပုံ-ဘိုကလေး ကားလမ်းမှာ ၁၉မိုင်၊ ၂ဖာလုံရှည်ပြီး ကားလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၂ရာခိုင်နှုန်း ပြင်ဆင်ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးစိုးတင့်က ဘိုကလေး- ကြိမ်ချောင်း-ကဒုံကနီကားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့်လုပ်ငန်းဆောင်ရွက် နေမှုများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ပွင့်လင်းရာသီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ ကားလမ်း မြေကြီးတာပေါင် လုပ်ငန်းကို လာမည့်ပွင့်လင်းရာသီတွင် ပြီးစီးအောင် ဖောက်လုပ်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံ-ဘိုကလေး ကားလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါလမ်း ပြုပြင်ရေးလုပ်ငန်းတွင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘိုကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပါဝင်ကူညီဆောင်ရွက်လျက်ရှိမှုကို ကြည့်ရှုအားပေး ကြသည်။

အောင်သိဒ္ဓိဆန်စက်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး အောင်သိဒ္ဓိဆန်စက်ရှိ တစ်နာရီ စပါးတင်း၃၀ ကျ ဆန်အရည်အသွေးကောင်းမွန်သော အသေးစားဆန်စက်ကို ကြည့်ရှုစစ်ဆေးကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဆန်စက်လည်ပတ်မှု၊ အဆိုပါဆန်စက်မှထွက်ရှိသည့် ဆန်အရည် အသွေးနှင့် ဆန်ထွက်နှုန်းတို့ကို ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပြန်လည်ထွက်ခွာ ခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကျေးလက်စာကြည့်တိုက်

ကြက်လျှာကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း သာစည်မြို့နယ် ညောင်ရမ်းမြို့ ဈေးရွာ ခမည်းတော် ဦးလှိုင်၊ မယ်တော် ဒေါ်ငွေသဲတို့မှ ၁၂၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ရက် (အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၈ခုနှစ်တွင် ညောင်ရမ်းမြို့ လေသာကျောင်းဆရာတော် ဦးဥေယျကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၂၉၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက်တွင် ဆရာတော် ဦးဥေယျကိုပင် ဥပဇ္ဈာယ်ပြု၍ မိုးညှင်းကုန်းရွာ ဦးတင်၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော် ဦးဥေယျနှင့် မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံကန္တားကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ(အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသတို့ထံ၌ စာချတန်း စာဝါများကို သင်ကြားဆည်းပူးတော်မူခဲ့ပြီး အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မိမိသီတင်းသုံးသည့် စာသင်တိုက်အပါအဝင် တိုက်ခွဲများဖြစ်သည့် စာသင်တိုက်အသီးသီးတို့အား အုပ်ချုပ်လမ်းညွှန်မှုပေးခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ရာ၌ ပါဠိပိဋကဝိသောဓကအဖြစ် ဆောင်ရွက်ခြင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စ ဆောင်ရွက်ရာ၌ သံဃာ့ဝန်ဆောင် ဖဖပါးတွင် ပါဝင်တော်မူခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်၊ ဒုတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ပထမအကြိမ်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ တတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခြင်း၊ နှစ်စဉ်ကျင်းပသော ပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲများတွင် ဦးစီးနာယကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခြင်း၊ တောင်ကြီးမြို့လယ် ဓမ္မာရုံဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ မဟာမြတ်မုနိဘုရားကြီး၏ သြဝါဒါစရိယနှင့် သိမ်တောင် သံဃနိကာယလုံးဆိုင်ရာ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၂ခုနှစ် (၁၉၉၁ခုနှစ်)တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၂ခုနှစ် (၂၀၀၁ခုနှစ်)တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ် သိက္ခာတော်(၇၅)ဝါအရ ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၂ရက်(၂၀၀၈ခုနှစ် စက်တင်ဘာ ၁၆ရက်) အင်္ဂါနေ့ ည ၁၁နာရီ ၂၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဆန္ဒာဓိက ပျံလွန်တော်မူ

ရန်ကုန် စက်တင်ဘာ ၁၇

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆန္ဒာဓိကသည် ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၂ရက် (စက်တင်ဘာ ၁၆ရက်) အင်္ဂါနေ့ည ၁၁နာရီ ၂၅မိနစ်တွင် သီတင်းသုံးရာကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား တန့်ယန်း၌ ကျင်းပ

တန့်ယန်း စက်တင်ဘာ ၁၇

၂၀၀၈ခုနှစ် စက်တင်ဘာ ၁၃ရက်တွင်ကျရောက်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူး၍ တန့်ယန်းမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်နှင့် တပ်နယ်အသီးသီးမှ အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးက ရှေးဦးပြုစုခြင်းနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ဆုချီးမြှင့်

ယင်းနောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ကျင်းပခဲ့သော လူထုအတွင်း ရှေးဦးပြုစုခြင်းသင်တန်း (၂၀၀၈)မှ ဆုရရှိသူများကို တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ် ကြက်ခြေနီအသင်း ရန်ပုံငွေအတွက် အလှူငွေများကို ဗိုလ်မှူးကြီးခိုင်ဇော်နှင့် ဇနီး မိသားစုနှင့် အလှူရှင်အသီးသီးတို့က ပေးအပ်ကြရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသောင်းဒန်ဦးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(မြို့နယ်ပြန်/ဆက်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးများတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၇

မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၉ရက် နံနက်ပိုင်းက နွားထိုးကြီးမြို့နယ် မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်၍ အသင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ရန်ပုံငွေ ကျပ်ငါးသိန်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် ရန်ပုံငွေ ကျပ်တစ်သိန်းစီနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် နွားထိုးကြီးမြို့နယ် စက်မှုရပ်ကွက်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငါန်းဇွန်မြို့ အခြေခံအထက်တန်းကျောင်း၊ ခြသေ့်လက် အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျောက်တလုံးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)များသို့ သွားရောက်၍ ပညာရည်ချွန် ဆုပေးပွဲများသို့ တက်ရောက်၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမ ၁၁ဦးတို့အား ဂုဏ်ပြုဆုများနှင့် ငါန်းဇွန်မြို့နယ်ရှိ ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀၀၀တို့ကို ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့တက်ရောက်သည်။ **(အပေါ်ပုံ)**ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်ဇနီးတို့သည် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ရန်ပုံငွေ ကျပ်ငါးသိန်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် ရန်ပုံငွေ ကျပ်တစ်သိန်းစီနှင့် ငါန်းဇွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာသုံးစုံတို့ကို ထောက်ပံ့ပေးအပ်သည်။ မွန်းလွဲပိုင်းတွင် ငါန်းမြာကြီး အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ထို့နောက် ငါန်းမြာကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့အား ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ချီးမြှင့်

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်ဇနီးတို့သည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် နတ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် သားကျင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များသို့ သွားရောက်၍ ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့နယ် ဆေးရုံ၌ ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ဂျိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် မြို့သာ အခြေခံပညာအထက်တန်းကျောင်းများ၌ ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၂) ရန်ကုန် (၁၉၈၃-၁၉၈၈) ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

၁၉၈၃-၈၈ခုနှစ်တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

အဆိုပါ ဆရာကန်တော့ပွဲကျင်းပနိုင်ရေးအတွက် ဒေါက်တာနွယ်နီသန်း ဖုန်း-၀၉-၅၀-၁၈၈၉၂၊ ဒေါက်တာကိုကို ဖုန်း-၀၉-၅၁-၂၉၂၀၅၊ ဒေါက်တာချိုချိုခင် ဖုန်း-၀၉-၅၀-၅၆၃၈၄၊ ဒေါက်တာဝင်းထွန်း ဖုန်း-၀၉-၅၀-၁၆၃၅၄၊ ဒေါက်တာအေးဝင်းဆက် ဖုန်း-၀၁-၆၆၀၂၃၀၊ ဒေါက်တာဝင်းဆန်း ဖုန်း-၀၉-၆၈-၁၈၆၉၈၊ ဒေါက်တာတင်ရတနာအောင် ဖုန်း-၀၉-၉၉-၂၆၈၅၀၊ ဒေါက်တာရီရီမြင့် (နေပြည်တော်) ဖုန်း-၀၆၇-၄၀၃၁၇၀ (ရုံး)၊ ဖုန်း-၀၆၇-၄၀၃၄၆၇(အိမ်)၊ ဒေါက်တာကျော်သူ ဖုန်း-၀၉-၂၀-၀၃၃၂၇၊ ဒေါက်တာလှမြတ်နိုင် ဖုန်း-၀၂-၃၅၉၉၂၊ ဒေါက်တာတင်ဌေး(မုဒုံ) ဖုန်း-၀၉-၅၃-၂၁၄၆၃နှင့် ဒုတိယဗိုလ်မှူးကြီး ဝင်းထွန်းမြင့်(အောင်ပန်း) ဖုန်း-၀၃၄-၃၇၀၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၇

ရှေ့နေချုပ်ရုံး နေပြည်တော်မှ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၈ရက်မှ ၁၉ရက်အထိ ကျင်းပမည့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာစာချုပ်နှင့် သက်ဆိုင်သော အဆင့်မြင့် အရာရှိကြီးများ၏ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပသို့ ထွက်ခွာသွားကြသည်။

လိုက်ပါ

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးပီရှူးနှင့် ဦးခင်မောင်ဦးတို့လည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်မြို့နယ် စည်ပင်သာယာ ကတ္တရာလမ်းများ ဖာထေး

မြောင် စက်တင်ဘာ ၁၇

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြ ကတ္တရာလမ်းပေါက်များ ဖာထေးပြုပြင်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ရက်က အမှတ်(၁၂) တေဇာလမ်း ကတ္တရာလမ်းပေါက်ဖာထေးနေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စနေတစ်ပတ်ခြား ဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အဆက်မပြတ်ကျင်းပလျက်ရှိရာ စက်တင်ဘာ၂၀ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ဧရာဝတီမြေပဲဆီသန့်၏ ပံ့ပိုးကူညီမှုဖြင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စီးပွားရေးပညာရှင် စာရေးဆရာ ဦးခင်မောင်ညို(ဘောဂဗေဒ)က စီးပွားရေးပညာ၊ စီးပွားရေးလုပ်ငန်းနှင့် စာနယ်ဇင်း (Economics, Business and Mass Media) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နားထောင် ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

(ငါးလုပ်ငန်းအဖွဲ့ချုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ကျင့်ကြံအားထုတ် ဝိပဿနာအလုပ်** တရားတော် ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (မေတ္တာရှင်)
၈း၀၅-၂း၀၅	နိဗ္ဗာန်ဆီသို့... အမေးအဖြေများ
၈း၃၅-၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀-၂း၄၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၅-၃း၀၅	အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲကြီး
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	Car Audio အသစ်အဆန်း MK အစွမ်း
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၀၁	ကျန်းမာရေးအတွက် ရေချိုးစက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	ရွှေလီတံတား
၁၀း၅၅-၄း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ အေးခိုင်ဇာလတ်နှင့် တွေ့ဆုံခြင်း)
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်ကလန်းတယ်**
၁၂း၀၀-၆း၀၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	CICT Diploma နှင့် သူ၏အကျိုးသက်ရောက်မှု
၁၂း၄၅-၆း၄၅	Yangon Panorama (Price Challenging Promotion Show)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ်အဖွင့်ပွဲစဉ် အချို့မှ နည်းပြတို့၏ ရင်ဖွင့်စကား

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ — သက်နိုင် စာမျက်နှာဖွဲ့စည်းသည်

ရောမ စက်တင်ဘာ ၁၇

ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွေကို စက်တင်ဘာ ၁၇ရက်က စတင်ကစားနေပြီဖြစ်ပါတယ်။ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွေမှာ ပရိသတ်တွေ မျှော်လင့်ထားသလို နာမည်ကြီးဘောလုံးအသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ အင်တာမီလန်၊ ဘာစီလိုနာ၊ လီဗာပူးတို့နိုင်ပွဲတွေရရှိခဲ့ကြပါတယ်။ အနိုင်ရရှိခဲ့တဲ့အသင်းအချို့ရဲ့ နည်းပြတွေရဲ့ ရင်ဖွင့်စကားကို ဖော်ပြရရင်....

အင်တာမီလန်နည်းပြ မော်ရင်ဟို

ပနာသီနာကို့စ်အသင်းကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်အနိုင်ယူခဲ့တဲ့ အင်တာမီလန်နည်းပြမော်ရင်ဟိုက "ချန်ပီယံလိဂ်မှာ အင်တာမီလန်ရဲ့ခြေစွမ်းကို ပဏာမပြသလိုက်တာပါပဲ။ အဖွင့်ပွဲစဉ်မှာ သုံးမှတ်အပြည့်ရလို့ ကျေနပ်ပါတယ်။ ကျွန်တော်က ဘောလုံးပွဲတိုင်းအနိုင်ရချင်တဲ့ နည်းပြတစ်ဦးပါ။ ချန်ပီယံလိဂ်ပွဲစဉ်တိုင်း အနိုင်ရဖို့ ခက်ခက်ခဲခဲ ကြိုးစားရမယ်ဆိုတာသိပေမယ့် အဲဒီလိုခက်ခဲမှုတွေနဲ့ ယှဉ်ပြိုင်အနိုင်ယူရတာဟာ ထူးခြားတဲ့ ရသတစ်မျိုးပါပဲ။ ကျွန်တော့်ကစားသမားတွေက ချန်ပီယံလိဂ်မှာ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ထားတယ်ဆိုတာ ပွဲရလဒ်တွေနဲ့ သက်သေပြသွားမယ်။ အင်တာမီလန်ဟာ အဝေးကွင်း၊ အိမ်ကွင်း ဘယ်ကွင်းမှာကစားရ ကစားရ ပွဲရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်တဲ့အသင်း ဖြစ်ပါတယ်"လို့ မော်ရင်ဟိုက ပြောကြားသွားပါတယ်၊ အင်တာမီလန်တို့ ပနာသီနာကို့စ်အသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်တဲ့ပွဲမှာ ၂၇ မိနစ်မှာ မန်စီနီနဲ့ ၈၅ မိနစ်မှာ အက်ဒရီယာနိုတို့က ဂိုးတွေသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးနည်းပြ စကိုလာရီ

ဘော်ဒိုးအသင်းကို အိမ်ကွင်းမှာ လေးဂိုးပြတ်အနိုင်ယူခဲ့တဲ့ ချယ်လ်ဆီးနည်းပြ စကိုလာရီက "အဖွင့်ပွဲစဉ်ရဲ့ ရလဒ်က ကျေနပ်စရာပါပဲ။ ဒါပေမယ့် ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ အမှားတွေလုပ်ခဲ့တာရှိတယ်။ ဒါမျိုးမဖြစ်အောင် နောက်ပွဲတွေမှာဂရုစိုက်ရမယ်။ ပထမပိုင်းမှာ ကစားသွားတာကောင်းပါတယ်။ ဒုတိယပိုင်းအစမှာလည်း ဂိုးရသင့်တာတွေရှိပေမယ့် နောက်ပိုင်းမှ ဂိုးတွေသွင်းနိုင်ခဲ့တယ်။ ဒီနေ့ပွဲမှာ လမ်းပတ် ကစားသွားတာကောင်းတယ်။ နေ့တိုင်းလေ့ကျင့်ကွင်းမှာ အားစိုက်လေ့ကျင့်ခဲ့လို့ သူအကောင်းဆုံး ကစားသွားနိုင်ခြင်းပါပဲ။ ကျွန်တော့်ကစားသမားတွေ ဒီထက်ခြေစွမ်းပြပြီး အမှားနည်းအောင်လို့တော့ ပြင်ဆင်ပေး ရဦးမှာပါ"လို့ ပြောကြားသွားပါတယ်။

ဘော်ဒိုးအသင်းကို လေးဂိုးပြတ်သွင်းယူခဲ့တဲ့ သူတွေကတော့ ၁၄ မိနစ်မှာ လမ်းပတ်၊ မိနစ် ၃၀မှာ ဂျိုကိုးလ်၊ ၈၂ မိနစ်မှာ မာလူဒါနဲ့ ၉၃မိနစ်မှာ အနယ်လ်ကာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံး ဘောလုံးသမားဆုကို လမ်းပတ်က ရရှိသွားပါတယ်။

ဘော်ဒိုးနည်းပြ လောရင့်ဘလန့်

ချယ်လ်ဆီးအသင်းကို အဝေးကွင်းမှာ လေးဂိုးပြတ်ရှုံးခဲ့တဲ့ ဘော်ဒိုးအသင်းနည်းပြ လောရင့်ဘလန့်က " ကျွန်တော်တို့ အဖွင့်ဂိုး ပေးလိုက်ရကတည်းက စိုးရိမ်မှုတော့ဖြစ်သွားတယ်။ ချယ်လ်ဆီးဘောလုံးသမားတွေက အကွက်စေ့အောင်ကစားနိုင်ကြသလို အသင်းလိုက်ကစားပုံလည်းကောင်းပါတယ်။ ကျွန်တော့်ခံစစ်မှူးတွေကို ရအောင်ကျော်ဖြတ် ဂိုးသွင်းနိုင်ကြတယ်။ ကျွန်တော့်အသင်းအနေနဲ့ကလည်း ဒီလောက်အထိတော့ ဂိုးမပြတ်သင့်ဘူး။ ဒီပွဲရလဒ်က ကျွန်တော်တို့ အိမ်ကွင်းမှာကစားရင် အကျပ်အတည်းတွေ့စေတဲ့ ရလဒ်ပါပဲ"လို့ ပြောကြားသွားပါတယ်။

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်

မာဆေးအသင်းကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တဲ့ လီဗာပူးနည်းပြ ဘင်နီတက်ဇ်က "သူတို့ကအဖွင့်ဂိုးသွင်းယူသွားလို့ စိုးရိမ်ခဲ့ပေမယ့် ဂျရတ်က ချေပဂိုးချက်ချင်းပြန်သွင်းယူခဲ့ပြီးနောက် နိုင်ပွဲရမယ်လို့ မျှော်လင့်ခဲ့တာပါ။ ကျွန်တော်တို့ရဲ့တန်ပြန်တိုက်စစ်က ထိရောက်ခဲ့တာမို့ နိုင်ပွဲရခဲ့တာဆိုရင်လည်း မမှားပါဘူး။ ဒီပွဲမှာ ကျွန်တော်တို့ သုံးဂိုးလောက်သွင်းယူနိုင်တဲ့ အခွင့်အရေးတွေရရှိခဲ့ပေမယ့် အသုံးမချနိုင်လို့ နှစ်ဂိုးနဲ့ကျေနပ်ခဲ့ရတာပါ။

မာဆေးအသင်းက ကစားသွားတာ ကောင်းပါတယ်။ သူတို့ရဲ့ခံစစ်ကြောင်းက လုံတာမို့ ကျွန်တော့်ကစားသမားတွေ ခက်ခက်ခဲခဲကစားခဲ့ကြရတယ်။ မာဆေးကအသင်းကောင်း တစ်သင်းပါပဲ "လို့ ပြောကြားသွားပါတယ်။

ဒီပွဲမှာ လီဗာပူးအတွက် ၂၆မိနစ်မှာ ဂျရတ်ကတစ်ဂိုးနဲ့ ၃၂မိနစ်မှာ ပယ်နယ်တီပြစ်ဒဏ်ဘောကတစ်ဆင့် ဂျရတ်ကပဲ သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲရဲ့အကောင်းဆုံး ဘောလုံး သမားဆုကိုလည်း ဂျရတ်ကပဲ ရရှိခဲ့ပါတယ်။ မာဆေးရဲ့ဂိုးကိုတော့ ပွဲချိန် ၂၃မိနစ်မှာ ကာနာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မာဆေးနည်းပြ အီရစ်ဂီရက်စ်

လီဗာပူးအသင်းကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ မာဆေးနည်းပြ အီရစ်ဂီရက်စ်က "ကျွန်တော်တို့ အဖွင့်ဂိုး သွင်းနိုင်ခဲ့ပေမယ့် အဲဒီဂိုးရလဒ်ကို မထိန်းနိုင်ခဲ့ဘူး။ ဂျရတ်ဟာ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတစ်ဦးဆိုတာ လက်တွေ့မို့ ယုံကြည်ရပါပြီ။ ဒီပွဲမှာ ဂိုးသွင်းခွင့် အခွင့်အရေးတွေ အများကြီးရခဲ့ပေမယ့် ကျွန်တော့်တိုက်စစ်မှူးတွေ ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ဘူး။ တကယ်ဆိုရင် ဒီပွဲဟာ ကျွန်တော်တို့ရဲ့နိုင်ပွဲပဲ ဖြစ်သင့်တာပါ"လို့ ပြောကြားခဲ့ပါတယ်။ ။

ကိုးကား - အင်တာနက်

အာဂျင်တီးနားနှင့် မန်ယူတိုက်စစ်မှူးတီဗက်ဇ် မန်ယူနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုလို

လန်ဒန် စက်တင်ဘာ ၁၇

အာဂျင်တီးနားနှင့် မန်ယူတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်က ၎င်းအနေဖြင့် မန်ယူအသင်းတွင် ယခုဘောလုံးရာသီမကုန်မီတွင် အမြဲတမ်းကစားသမားအဖြစ် သဘောတူစာချုပ်ချုပ်ဆိုနိုင်မည်ဟုမျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၄နှစ်ရှိ တီဗက်ဇ်သည် ၂၀၀၇ခုနှစ် ဩဂုတ်လက ဝက်စ်ဟမ်းမှ မန်ယူသို့ နှစ်နှစ်အငှား စာချုပ်ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

လောလောဆယ်တွင် မိမိအနေဖြင့် မန်ယူအသင်းနှင့် နှစ်ရှည်စာချုပ်ချုပ်ဆိုလိုကြောင်း၊ အသင်းဥက္ကဋ္ဌအနေဖြင့် မိမိအား အမြဲတမ်းနှစ်ရှည်စာချုပ်ချုပ်ဆိုခဲ့ပါက မိမိအနေဖြင့် အံ့သြဖွယ်ရာပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တွေဝေမနေဘဲ စာချုပ်မည်ဖြစ်ကြောင်း တီဗက်ဇ်က ပြောကြားခဲ့သည်။

အာဂျင်တီးနား လက်ရွေးစင်ကစားသမား တီဗက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ၄၈ပွဲကစားရာတွင် ၁၈ဂိုးသွင်းယူခဲ့ပြီး မန်ယူအား ပရီမီယာလိဂ်ချန်ပီယံနှင့် ချန်ပီယံလိဂ်ချန်ပီယံအဖြစ် အောင်မြင်မှုရအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သူဖြစ်သည်။ (အင်တာနက်)

နယူးကာဆယ် ကွင်းလယ်ကစားသမားဂူသရီအား ပွဲပယ်ပြစ်ဒဏ်အပြင် ထပ်မံအရေးမယူဟုဆို

လန်ဒန် စက်တင်ဘာ ၁၇



နယူးကာဆယ် ကွင်းလယ်ကစားသမား ဒန်နီဂူသရီ အနေဖြင့် ဟူးလ်စီးတီးတိုက်စစ်မှူး ကရစ်ဖာဂန်အား ခြေထောက်ကျိုးစေခဲ့သည့် ထိခိုက်မှုအတွက် ထပ်မံအရေးယူ အပြစ်ပေးတော့မည်မဟုတ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ထုတ်ဖော်ပြောကြားခဲ့သည်။

ဂူသရီအနေဖြင့် စက်တင်ဘာ ၁၃ရက်က အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် အနီကတ်ပြပြီး အထုတ်ခံခဲ့ရသည့်အတွက် ယခုအခါ သုံးပွဲပယ်ပြစ်ဒဏ်ဖြင့် စတင်အရေးယူခံနေရပြီ ဖြစ်သည်။

ယင်းပွဲစဉ်တွင် ဂူသရီ၏ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ဖာဂန်၏ ဘယ်ခြေထောက် အရိုးအက်သွားခဲ့သည်။ သို့သော်လည်း ဂူသရီရရှိခဲ့သော အနီကတ်အတွက် သုံးပွဲပယ်ပြစ်ဒဏ်အပြင် ထပ်မံအရေးယူမှုပြုတော့မည်မဟုတ်ကြောင်း အက်ဖ်အေက ကြေညာခဲ့သည်။ (အင်တာနက်)

လီဗာပူးနှင့်ပွဲစဉ်တွင် မိုက်ကယ်ကာရစ်ဒဏ်ရာရရှိ သီတင်းပတ်ခြောက်ပတ် အနားယူရမည်

လန်ဒန် စက်တင်ဘာ ၁၇

မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်သည် ခြေထောက် ထိခိုက်ဒဏ်ရာရရှိပြီးနောက် သီတင်းပတ်ခြောက်ပတ်ကြာ အနားယူရမည်ဖြစ်သည်။ အသက် ၂၈နှစ်ရှိ မိုက်ကယ်ကာရစ်သည် စက်တင်ဘာ ၁၃ရက်က အန်ဖီးလ်၌ မန်ယူက လီဗာပူးအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် လီဗာပူးမှ ဘီနာယွန်နှင့် ဘောလုံးယှဉ်လုစဉ် ယင်းကဲ့သို့ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ မိုက်ကယ်ကာရစ်သည် ရာသီအစ နယူးကာဆယ်နှင့် ယှဉ်ပြိုင်ကစားစဉ်က ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးပတ်ကြာအနားယူခဲ့ရပြီးနောက် ဒဏ်ရာသက်သာလာ၍ ပြန်ကစားစတွင်ပင် ယခုကဲ့သို့ ထပ်မံဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ဂျမေကာလက်ရွေးစင်နည်းပြသစ်အဖြစ် အင်္ဂလန်ကစားသမားဟောင်း ဘားနက်စ်အားတာဝန်ပေး

လန်ဒန် စက်တင်ဘာ ၁၇

အင်္ဂလန်လက်ရွေးစင် ကစားသမားဟောင်း ဂျွန်ဘားနက်စ်သည် ဂျမေကာလက်ရွေးစင်နည်းပြသစ်အဖြစ် တာဝန်ယူလိုက်ပြီ ဖြစ်သည်။

အသက်၄၄နှစ်ရှိ ဂျမေကာနိုင်ငံဖွား လီဗာပူးတောင်ပံကစားသမားဟောင်း ဂျွန်ဘားနက်စ်အား ပြီးခဲ့သည့်သီတင်းပတ်က ဂျမေကာလက်ရွေးစင်အသင်း၏ နည်းစနစ်နည်းပြအဖြစ်မှ နုတ်ထွက်သွားသူ ဘရာဇီးနိုင်ငံသား ရီနီဆိုင်မို့စ်၏ နေရာတွင် အစားထိုးတာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ဂျမေကာဘောလုံးအဖွဲ့ချုပ်သည် မစ္စတာဘားနက်စ်အား နည်းပြအဖြစ်ခန့်အပ်ကြောင်း ကြေညာခဲ့ပြီး ဘားနက်စ်သည် ဂျမေကာလက်ရွေးစင် အသင်းအား နိုဝင်ဘာ၁၇ရက်မှ စတင်ကိုင်တွယ်တာဝန်ယူ နည်းပြရမည် ဖြစ်ကြောင်းသိရသည်။ ဘားနက်စ်သည် နည်းပြအဖြစ် ဆဲလ်တစ်အသင်းကိုနောက်ဆုံးကိုင်တွယ်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်တွင် ယင်းအသင်းမှနုတ်ထွက်ခဲ့သည်။(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ယီမင်နိုင်ငံ ဆာနာမြို့ရှိ အမေရိကန်သံရုံးရှေ့ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ၁၆ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ဆာနာ စက်တင်ဘာ ၁၇

ယီမင်နိုင်ငံ ဆာနာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် စက်တင်ဘာ ၁၇ရက် ဒေသစံတော်ချိန် နံနက်၈နာရီ ၁၄မိနစ်က ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ ၁၆ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ယီမင်အရာရှိများက ပြောကြားသည်။

အတင်းမောင်း

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုမှာ အကြမ်းဖက်သမားခြောက်ဦးက ဗုံးများကို တင်ဆောင်လာသောကားဖြင့် အမေရိကန်သံရုံးအဝင်ဂိတ်ဝကို အတင်းမောင်းဝင်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံးခဲ့

ထိုသို့ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အသေခံဗုံးခွဲတိုက်ခိုက်သမားခြောက်ဦး၊ အရပ်သားလေးဦးနှင့် အမေရိကန်သံရုံး လုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦးတို့ သေဆုံးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယီမင်မြို့ရှိ အမေရိကန်သံရုံးအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ပိတ်ဆို့ထားပြီး လမ်းများပိတ်ထားကြောင်း၊ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တိုက်ခိုက်

ဆာနာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် စက်တင်ဘာ၁၇ရက် ဒေသ စံတော်ချိန် နံနက်၈နာရီ ၁၄မိနစ်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၀၉ရက်နေ့တွင် အသက် ၁၆နှစ်ပြည့်ပြီး ၁၉နှစ်ထက် မကြီးရ။

၂။လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင်၁-၁၀-၂၀၀၈ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး ၁၅-၁၂-၂၀၀၈ရက်နေ့မှ ၂၁-၁၂-၂၀၀၈ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ **Dip.C.S (Diploma in Computer Studies)** ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ (၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

	အဆင့်အတန်း	**အခြေခံ လစာ**	**အရည်အချင်း လစာ**	**M.H.R.A**	**ပေါင်း**
(က)	တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၃၄၀၀၀	၂၀၀	၅၀၀၀	၃၉၂၀၀
(ခ)	တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၃၄၀၀၀	၃၀၀	၅၀၀၀	၃၉၃၀၀
(ဂ)	တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၃၄၀၀၀	၄၀၀	၅၀၀၀	၃၉၄၀၀
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၄၆၀၀၀	၄၀၀	၅၀၀၀	၅၁၄၀၀
(င)	အရာခံဗိုလ်/စာရေး	၅၂၀၀၀	၄၀၀	၅၀၀၀	၅၇၄၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ၅၀၀၀ိ/-အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်း**သို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ် ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ T & Y Enterprise မှ စင်ကာပူနိုင်ငံ PSA Corporation အတွက် ကွန်တိန်နာ နောက်တွဲယာဉ်ကြီးများ မောင်းနှင်ရန် အောက်ပါအချက်များနှင့် ပြည့်စုံသော (အမျိုးသား) များ အလိုရှိပါသည်။

(က) လိုအပ်သော ဦးရေ - ၁၂၀

(ခ) အသက် - ၂၀ မှ ၄၀

(ဂ) ပညာအရည်အချင်း - အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်းအောင်)

(ဃ) အခြားလိုအပ်ချက် - အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုတတ်ရမည်။ (နိုင်ငံခြားသားအလုပ်ရှင်မှ လူတွေ့စစ်ဆေးမည်) 'C' အဆင့်(အနီ)ယာဉ်မောင်းလိုင်စင်ရှိရမည်။
- ကွန်တိန်နာ နောက်တွဲဆွဲယာဉ်ကြီးများ မောင်းနှင်နိုင်သော ယာဉ်မောင်းကျွမ်းကျင်မှုရှိရမည်။ (ကွန်တိန်နာယာဉ်မောင်းလက်တွေ့စစ်ဆေးမည်။)

(င) အခြေခံလစာ - စင်ကာပူဒေါ်လာ ၅၅၀

(စ) လုပ်ငန်းခွင် ခံစားခွင့် - စင်ကာပူဒေါ်လာ ၃၀၀

(ဆ) အချိန်ပို လုပ်ခ - စင်ကာပူဒေါ်လာ ၁၅၀ (လစဉ်ခန့်မှန်းချက်)

(ဇ) ဝန်ဆောင်ခ - စင်ကာပူဒေါ်လာ ၂၂၀၀ နှင့် ညီမျှသောကျပ်ငွေ

၂။ လျှောက်ထားမည့်သူများ ၁၇-၁၀-၂၀၀၈ ရက် နောက်ဆုံးထား၍ သတ်မှတ်လျှောက်လွှာပုံစံဖြင့် T & Y Enterprise ရုံးသို့ လျှောက်ထားရမည်။

၃။ အသေးစိတ် အချက်အလက်များကို T & Y Enterprise ရုံး၊ အခန်း (၀၂-၀၃) ၉-ထပ်၊အာရှပလာဇာရှေ့ပင်းစင်တာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၇၂၇၇၄၇ သို့ လူကိုယ်တိုင်လာရောက်ပြီး စုံစမ်းသိရှိနိုင်ပါသည်။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန် ချီကာဂိုမြို့ဝန်းကျင်၌ရေလွှမ်း နေအိမ်များရေနစ်မြုပ်

ချီကာဂို စက်တင်ဘာ ၁၇

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ဝန်းကျင်ဒေသတွင် စက်တင်ဘာ ၁၇ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

(အောက်ပုံ)

ပြောကြား

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများရေလွှမ်းကာ မော်တော်ယာဉ်သွားလာရေး အခက်အခဲဖြစ်လျက်ရှိကြောင်း၊ ဓာတ်အားများ ဖြတ်တောက်ထားရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ခတ္တမန္ဒူမြောက်ဘက်ကျေးရွာ၌ မြေပြို ငါးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ခတ္တမန္ဒူ စက်တင်ဘာ ၁၇

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မြောက်ဘက် မိုင် ၉၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲခန့်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း နီပေါအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ရှာဖွေ

မြေပြိုမှုဖြစ်ပွားသည့် ကျေးရွာမှာ ခါယက်စ်ကျေးရွာ၌ဖြစ်ပြီး မြေပြိုမှုကြောင့် နေအိမ်သုံးလုံးပျက်စီးသွားကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေ ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၁၇

ယနေ့မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ငလျင်လှုပ် အဆောက်အအုံအချို့ ပျက်စီး

ဂျကာတာ စက်တင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နူဆာတင်ဂါရာပြည်နယ်တွင် စက်တင်ဘာ ၁၇ရက် ဒေသစံတော်ချိန် နံနက်၅နာရီ ၅မိနစ်က ရစ်ချ်တာစကေး၅ရှိသော ငလျင်လှုပ်သွားရာ ဝင်ဂါပူမြို့တွင် အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်မှာ ဝင်ဂါပူမြို့ အနောက်တောင်ဘက်ကမ်းလွန် ၈၁ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်ကိုဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း၊ ဆူနာမီသတိပေးချက်များထုတ်ပြန်ခြင်းမရှိသော်လည်း ဝင်ဂါပူမြို့၌ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

မန္တလေးမြို့အတွင်း ဖြတ်သန်းစီးဆင်းသော အဓိကရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်သရိုက်နှင့် အညစ်အကြေးများရှင်းလင်း

မန္တလေး စက်တင်ဘာ ၁၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် သြဂုတ် ၃၀ရက် နံနက် ၈နာရီခွဲက ချမ်းအေးသာစံမြို့နယ် ၇၈လမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ရွှေတချောင်းမြောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းနှင့် ဈေးချိုတော်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၇၈လမ်းတစ်လျှောက် လမ်း၃၀နှင့်၃၅လမ်းကြား၊ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေနုတ်မြောင်းအတွင်း မြောင်းစာ၊ အမှိုက်သရိုက်နှင့် အညစ်အကြေးများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မြို့နယ်အလိုက် ရေစီးရေလာကောင်းမွန်ရေး၊ ရေဝပ်မှုမရှိစေရေးတို့အတွက် လမ်းဘေးဝဲယာ ရေနုတ်မြောင်း ဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားရန် သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ရွှေတချောင်းမြောင်းအား မန္တလေးကန်တော်ကြီး ကပ်ကျော်ရေထိန်းတံခါးအနီးမှ ၃၅လမ်းအထိ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးဖြင့် မြောင်းစာ အမှိုက်သရိုက်နှင့် အညစ်အကြေးများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မန္တလေးမြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အဓိကရေနုတ်မြောင်း မြောင်းမကြီးများအား ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ အပိုင်းလိုက် စနစ်တကျ ဆောင်ရွက်သွားရေးကို သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ဈေးချိုတော် ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဈေးနှင့်သားသတ်ဌာန ဝန်ထမ်းများဖြင့် မြောင်းဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ဈေးချိုတော် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် ဈေးနှင့် သားသတ်ဌာန ဌာနမှူး၊ ဌာနခွဲမှူးနှင့် ဈေးတာဝန်ခံများအားမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(၁၁၃)**

မင်းတပ်မြို့နယ်စည်ပင် ကျေးရွာချင်းဆက်လမ်း တာချဲ့မှုဆောင်ရွက်

မင်းတပ် စက်တင်ဘာ ၈

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေါက်ဒွေကျေးရွာ၊ ကျေးရွာချင်းဆက်လမ်း တာချဲ့ခြင်းလုပ်ငန်းပြီးစီးမှုကို သြဂုတ် ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွန်းလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့က ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းတံတား ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော ဩဘာလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ သြဂုတ် ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်မျိုးထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သြဂုတ်၁၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် အဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ပေါင်မြို့နယ်အပိုင်းကို ကွင်းဆင်းစစ်ဆေးရာ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

စာတတ်မြောက်ရေးနေ့ လှိုင်လင်၌ကျင်းပ စာစီစာကုံး၊ ကဗျာနှင့်ပန်းချီဆုရသူများအား ဆုချီးမြှင့်

လှိုင်လင် စက်တင်ဘာ ၁၃

၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်၉နာရီက လှိုင်လင်မြို့နယ် အထက(၁)ကျောင်း၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးညွန့်သန်းက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က စာဖတ်သူတိုးပွားရေးအတွက် ရည်မှန်းချက်ရှိရမယ် အကြောင်းအရာကို ဟောပြောသည်။

ဆုချီးမြှင့်

ထို့နောက် အခြေခံပညာအထက်တန်းအဆင့်တွင် စာစီစာကုံးဆုရသူသုံးဦးနှင့် ကဗျာဆုရသူ သုံးဦး၊ အလယ်တန်းအဆင့်တွင် စာစီစာကုံးဆုရသူ သုံးဦးနှင့် ပန်းချီဆုရသူ သုံးဦး၊ အလယ်တန်းအဆင့်တွင် ပန်းချီနှစ်သိမ့်ဆုရသူ တစ်ဦးတို့အား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အေရိုးဗစ်သင်တန်း ပျော်ဘွယ်မြို့၌ဖွင့်

ပျော်ဘွယ် စက်တင်ဘာ ၁၂

ပျော်ဘွယ်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများအတွက် အခြေခံ အေရိုးဗစ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၆ရက် နံနက် ၉နာရီက အမေထိန်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းဌေးက အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အားကစားနှင့် ကာယပညာကော်မတီနည်းပြ ဆရာမများက သင်တန်းပို့ချပေးကြကြောင်း သိရသည်။ (၀၈၅)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇီးကုန်း၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဇီးကုန်း စက်တင်ဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီ ခရိုင် ဇီးကုန်းမြို့နယ်တွင် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၈)ကို သြဂုတ် ၈ရက် မွန်းလွဲ ၁နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပို့ချ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ စာကြည့်တိုက် ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာ ရှင်သန်ရေး လုပ်ငန်းများကိုလည်းကောင်း၊ စာထောက်(၃)ဒေါ်ဝင့်နန္ဒာဌေးက မျိုးတူစု လုပ်ငန်းနှင့်လက်တွေ့လုပ်ငန်းများကို လည်းကောင်း ပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်တင်ဘာ ၅ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့ တောင်ကုန်းရွာအဝင်တံတား ပြုပြင်တည်ဆောက်ပြီးစီးသဖြင့် ကျေးလက် တာဝန်ရှိသူများသို့ လွှဲအပ်ပြီး တံတား ရေရှည်ထိန်းသိမ်းဆောင်ရွက်ရေး ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ညောင်ကန်-ဖိုလေးလုံး ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်မှုကို လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်း ဆောင်ရွက်ရာ သြဂုတ်၂၂ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျုံပျော်၌ စာကြည့်တိုက်မှူး သင်တန်းဖွင့် စာအုပ်များစနစ်တကျရှိရေး စာတွေ့လက်တွေ့ဆွေးနွေး

ကျုံပျော် စက်တင်ဘာ ၁၀

ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်မှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက် နံနက် ၁၀နာရီက ကျုံပျော်မြို့ ရောမင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့တိုးတက်အောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက်ပညာတတ်ကျွမ်းနားလည်သော စာကြည့်တိုက်မှူးကောင်းများဖြစ်ရေး၊ ငွေပဒေသာပင်စိုက်ထူမှုပိုမိုတိုးပွားရေး၊ စာကြည့်တိုက်တစ်ခု၏ အင်္ဂါရပ်ငါးရပ်နှင့်အညီ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ စာပေဒါန လှူဒါန်းရေးတို့ကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဦးစိုးလွင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်/ဆက်ရုံး စာကြည့်တိုက်တာဝန်ခံ ဒေါ်မိုးမင်းသန်းနှင့် ဝန်ထမ်းများက စာကြည့်တိုက်ဆိုင်ရာ ပညာရပ်မျိုးတူစုခွဲခြားမှု၊ တိုက်ပိုင်ရေးသွင်းမှု၊ စာအုပ်များလက်ခံမှုနှင့် ထိန်းသိမ်းဌားရမ်းမှုများ စနစ်တကျရှိရေးအတွက် စာတွေ့လက်တွေ့ ဆွေးနွေးပြသသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ယာဉ်/လမ်း စည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

သီပေါ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ရက် မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှစိန်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးတင်ဝင်းလှိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်းဆိုင်ရာများ၊ ပညာပေးအရေးယူခြင်း လုပ်ငန်းများနှင့် မော်တော်ဆိုင်ကယ် စီးနင်းရာတွင် ဆိုင်ကယ်စီး ဦးထုပ်များကို အစဉ်အမြဲဆောင်းကြရန် ပညာပေးဟောပြောကြသည်။**(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ပညာပေးဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြင့်ဌေးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(ဝ၂ဝ)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေး နှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေလဲ-ဇီးတောကျေးရွာ အကျယ် နှစ်လက်မ၊ အနက် ပေ ၂၅ဝရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာဦးဇော်လင်းနိုင် ဆောင်ရွက်နေခြင်းအား အမှုဆောင် အရာရှိ ဦးသက်ပိုင် ကွင်းဆင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခန္တီး၌ ဟောပြော

ခန္တီး စက်တင်ဘာ ၁၂

ခန္တီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကို စက်တင်ဘာ ၂ရက် နံနက် ၁၁ နာရီက ခန္တီးမြို့ နားမေတ္တာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးမျိုးကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမြင့်သိန်းစိုးက မောင်တို့မယ်တို့ချစ်တဲ့ တို့တိုင်းပြည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

မြစ်ကြီးနား၌ စပါးအထွက်တိုး အသိပညာပေးဟောပြော သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြသ

မြစ်ကြီးနား စက်တင်ဘာ ၁၀

မြစ်ကြီးနားမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ကြီးမှူးကျင်းပသော မိုးစပါးအထွက်တိုး အသိပညာပေးဟောပြောပွဲနှင့် သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းသရုပ်ပြသပွဲကို ဩဂုတ်၁၈ရက် နံနက် ၁၀နာရီခွဲက ဗလမင်းထင် တံတားအနီး တပ်ကုန်းရပ်ကွက် တာပူ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးထွေးက မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တစ်ဧကတင်း၁၀၀ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်လက်ထောက် မန်နေဂျာမြေအသုံးချရေးတာဝန်ခံ ဦးဝင်းမောင်က အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်နည်း၊ သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာရောစပ်အသုံးပြုနည်း၊ ယူရီးယားဓာတ်မြေသြဇာကို လေလွင့်ဆုံးရှုံးမှုမရှိအောင် အကျိုးရှိဆုံးထိရောက်စွာအသုံးပြုနည်းတို့ကို အသေးစိတ်ပညာပေး ရှင်းလင်းဆွေးနွေးသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာကြသော တောင်သူဦးကြီးများအား အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

မိုးမောက်၌ စာကြည့်တိုက် ရေရှည်တည်တံ့ရေး အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မိုးမောက် စက်တင်ဘာ ၁၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၂နာရီက ဝဝမ်ကွမ်ဘန်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး မြင့်ကြူက အဖွင့်အမှာစကား ပြောကြားပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်က ဟောပြောသည်။

ဆက်လက်၍ စေတနာအလှူရှင်များက ငွေကျပ်၁၃၈၀၀၀နှင့် သုတ၊ရသ စာအုပ် ပေါင်းအုပ် ၃၅၀ကို ပေးအပ်လှူဒါန်းရာ ဝဝမ်ကွမ်ဘန်ကျေးရွာ အရက်ဦးစာကြည့်တိုက်မှူး ဦးလနူးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော တောင်ပြိုကျေးရွာ နှစ်လက်မစက်ရေတွင်း၊ ရေကန်နှင့် အင်ဂျင်စက်များ အစဉ်အမြဲ ကောင်းမွန်မှုရှိစေရန်အတွက် ဩဂုတ် ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကောလင်းမြို့၌ ကွန်ကရစ်တံတား ဆောင်ရွက်

ကောလင်း စက်တင်ဘာ ၁၀

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်း၊ တံတားများ ကောင်းမွန်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသော ကောလင်းမြို့ ရွှေမင်းဝံလမ်းပေါ်ရှိ အထက ကျောင်းအနီး ကွန်ကရစ်တံတား ဆောင်ရွက်မှုကို စက်တင်ဘာ၂ရက်က ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြောင်းသိရသည်။ (ဝ၃၂)

မိဘတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲ မန္တလေး အထက်တန်းကျောင်းများ၌ ကျင်းပ

မန္တလေး စက်တင်ဘာ ၁၂

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးကြပ်၍ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည်ပူဇော်ဟောပြောပွဲများကို စက်တင်ဘာ ၈ရက် နံနက် ၉နာရီက အထက(၁၄) မန္တလေး၌လည်းကောင်း၊ မွန်းလွဲ၁နာရီက အထက(၂)မန္တလေး၌လည်းကောင်းကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာ ချစ်ဦးညို၊ စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်၊ စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။

ဟောပြော

အဆိုပါဟောပြောပွဲကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီကလည်း အထက(၁၇) မန္တလေး၌ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသား စောချစ်၊ စာရေးဆရာချစ်ဦးညို၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။**(အောက်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးက ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ်၅၀၀၀၀၊ စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)ကကျောင်းစာကြည့်တိုက်အတွက် မီးအိမ်ရှင် စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပညာရေး)**

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းမှ ကျွန်းကလေးဓာတ်အားခွဲရုံတွင် ယခင် ၁၂၅ KV နှစ်လုံးအစား KV ၃၀၀ ထရန်စဖော်မာကို ဩဂုတ်၄ရက်က စတင်၍သုံးစွဲဖြန့်ဖြူးနေမှုကို တွေ့ရစဉ်။

(၁၇၅)



လွိုင်လင်ခရိုင်အဆင့် အဆို၊အက၊အရေး၊အတီးပြိုင် ဆုများပေးအပ်ချီးမြှင့်

လွိုင်လင် စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်(၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၁နာရီက လွိုင်လင်မြို့ အောင်စည်ပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဌေး တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် ဆုရရှိသူများက ပြန်လည်ဖျော်ဖြေကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဌေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၅၂၁၆ Shwe Myanmar Jeep ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် မှတ်ပုံတင်အမှတ် ၈/ပမန(နိုင်)၀၀၅၄၃၂ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေး မြောက်ပိုင်း) မန္တလေးမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၅၉၉၄၁၊ ၁ယ/၅၇၀၈၄၊ ၁ယ/၆၀၄၉၅ ယာဉ်များ လက်ဝယ်ရှိသူ ဦးဆောင်းကိုကို ၁/မညန(နိုင်)၀၈၁၂၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး (မန္တလေး၊ တောင်ပိုင်း) မန္တလေးမြို့။**

ဈေးပြိုင်ချိပ်ပိတ်(တင်ဒါ)ခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ၁၁မျိုးနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း နှစ်မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသည့် ကုမ္ပဏီ၊ အရောင်းဆိုင်များသည် ၃-၁၀-၂၀၀၈ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရေးစိစစ်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ လိပ်မူလျက် ချိပ်ပိတ်တင်ဒါ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူလိုသော စက်ပစ္စည်းများ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များအား ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၁၈/၁၂၂ (မြေညီထပ်)ရှိ မော်တော်ယာဉ်ဌာနစိတ်ရုံးခန်းတွင် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ညွှန်ကြားရေးမှူး၊ စီမံနှင့်ဘဏ္ဍာဌာနခွဲနှင့် ဒုတိယညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၂၃)၊ ဖုန်း-၀၆၇-၄၀၄၃၈၀၊ ၀၆၇-၄၀၄၃၈၆တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အိုလံပစ်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော သဃ်န်းကျွန်းမြို့နယ် ရွှေကိန္နရီအိမ်ရာနေ အောက်ပါပုဂ္ဂိုလ်များမှ နေထိုင်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်-

	အမည်	**တိုက်အမှတ်/အခန်းအမှတ်**
(က)	ဦးလှရီ	S.H (A)
(ခ)	ဦးခွန်မြင့်အောင်	S.H (B)
(ဂ)	ဒေါ်လှိုင်လှိုင်ကြည်	S.H (C)
(ဃ)	ဦးဇော်မျိုးလှိုင်	S.H (D)
(င)	ဦးငွေအောင်	S.H (E)
(စ)	ဦးစိုင်းထွန်းမြတ်	S.H (F)
(ဆ)	ဦးကြောင်ယုဝမ်	S.H (G)(001)
(ဇ)	ဦးကြောင်ယုဝမ်	S.H (G)(101)
(ဈ)	ဦးကြောင်ယုဝမ်	S.H (G)(201)
(ည)	ဦးကြောင်ယုဝမ်	S.H (G)(301)
(ဋ)	ဦးကြောင်ယုဝမ်	S.H (H)(001,002)
(ဌ)	ဦးကြောင်ယုဝမ်	S.H (H)(101,102)
(ဍ)	ဦးကြောင်ယုဝမ်	S.H (H)(201,202)
(ဎ)	ဦးကြောင်ယုဝမ်	S.H (H)(301,302)

၂။ ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ငူခရိုင်တရားရုံး

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၁

ဦးကျော်မိုးလွင် **နှင့်** ဒေါ်ခင်မာကြည်
တရားလို **တရားပြိုင်**

ဒေါ်ခင်မာကြည် (ဘ) ဦးထွန်းတင်၊ ကျောင်းကြီး ၂လမ်း၊ ကညွတ်ကွင်း၊ ဖြူးမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မိုးလွင်က နေအိမ်နှင့် ခြံမြေရောင်းချစဉ်က လက်ခံရယူထားသော ရောင်းကြေးငွေကျပ် ၃၅၀၀၀၀၀(ကျပ်သုံးဆယ့်ငါးသိန်းတိတိ)နှင့် ၎င်းငွေအပေါ် တစ်နှစ်အတွက် နှစ်နာကြေးငွေကျပ် ၂၇၀၀၀၀ စုစုပေါင်းငွေကျပ် ၃၇၇၀၀၀၀(ကျပ်သုံးဆယ့်ခုနစ်သိန်းခုနစ်သောင်းတိတိ)အား ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၃ရက် (၁၃၇၀ပြည့်နှစ် သီတင်းကျွတ် လဆန်း ၁၄ရက်) နံနက် ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြိုင်
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ငူခရိုင်တရားရုံး။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဩဂုတ် ၁၇

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** **(မြန်မာ့အလင်း)**

အမွေပြတ်စွန့်လွှတ်ခြင်း

၃/၂၈၊ ၄၀ါလမ်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံနေ ဦးတင်ငွေ၏သား မောင်တင်ကိုကိုလတ် ၁၂/မဂဒ(နိုင်)၀၉၉၄၉၆ သည် မိဘဆုံးမစကား နားမထောင်ဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို လုံးဝတာဝန်မယူပါ။

ဦးတင်ငွေ ၁၂/မဂဒ(နိုင်)၀၁၅၃၉၉
ဒေါ်တင်ရွှေ ၁၂/မဂဒ(နိုင်)၀၁၅၄၀၀။

တောင်ကြီးခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အဆင့် (၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် မွန်းလွဲ ၁နာရီက တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အခြေခံပညာအဆင့် အသက် (၅-၁၀နှစ်) အကပြိုင်ပွဲပထမ(**ယာပုံ**)၊ ဒုတိယ၊တတိယ ဆုရသူများကို တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းအောင်ကလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀နှစ်) အဆိုပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာကလည်းကောင်း၊ အခြေခံပညာအဆင့်အသက် (၁၀-၁၅နှစ်)၊ အခြေခံပညာအဆင့် အသက် (၅-၁၀နှစ်)နှင့် ဝါသနာရှင်အဆင့်ဆုရသူများကို ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ မုံရွာမြို့ နယ် စည် ပင် သာ ယာ ရေး အဖွဲ့ ဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်အမှိုက်မှ သဘာဝ မြေဩဇာ ထုတ် လုပ် နေ မှုကို ဩဂုတ် ၂၉ရက်က ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်မုခ်ဦးသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား၌ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

မြစ်ကြီးနား စက်တင်ဘာ ၁၂

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက်၁၀နာရီက မြစ်ကြီးနားမြို့နယ် ရေကြည်ကျေးရွာ ပညာ့အားမာန်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌဦးကျော်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်စိုးစိုးထွန်းက စာဖတ်ခြင်းနှင့်စာကြည့်တိုက်၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ အားနည်းချက်များ၊ အားသာချက်များကို ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေဒီယိုတစ်လုံး၊ သုတ၊ရသစာအုပ်စာစောင်၁၆၈ အုပ်နှင့် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းက စာအုပ်စာစောင်၂၁၄အုပ်တို့ကို ကျေးရွာစာကြည့်တိုက်အတွက် လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီအတွင်းရေးမှူး ဒေါ်အေးအေးမော်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

လူငယ်ကျန်းမာရေးအကျိုးဆောင်များ သင်တန်းဖွင့်

ရွှေဘို စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မျိုးပွားကျန်းမာရေး မြှင့်တင်ပေးမည့် လူငယ်ကျန်းမာရေးအကျိုးဆောင်များ သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၉နာရီက ရွှေဘိုပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း ဆရာဝန်ကြီးဒေါက်တာကျော်ရှိန်က သင်တန်းဖွင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။**(ခရိုင် ပြန်/ဆက်)**

ရသေ့တောင်မြို့ လမ်းမတော်လမ်းနှင့် ဘုရားကြီးလမ်းထောင့်ကွန်ကရစ်ကြမ်းခင်းတံတား ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၀ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်၌ ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေလှူဒါန်း

ဟိုပင် စက်တင်ဘာ ၁၂

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော မြေနုကျေးရွာ နေ့ကလေးထိန်းမူကြိုကျောင်း ရင်သွေးငယ်များအား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁နာရီက မူကြိုနေ့ကလေးထိန်းကျောင်း၌ ကျင်းပသည်။

ထောက်ပံ့ငွေပေး

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ဝတ်စုံနှင့် ထောက်ပံ့ငွေပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မူကြိုတာဝန်ခံကျောင်းဆရာမ ဒေါ်မိုးခင်ခင်ထံ ထောက်ပံ့ငွေ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လုံမြို့ ပြည်ထောင်စု ကျောက်တိုင်ပန်းခြံ သာယာလှပစေရန်အတွက် ပလက်ဖောင်းဘေးတွင် ပန်းအလှပင်များ စိုက်ပျိုးမှုကို စက်တင်ဘာ ၁၃ရက်က မြို့တာဝန်ခံ ဦးသောင်းထွန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)ရှိ Yangon Transformer & Electrical Co., Ltd. ၏ ရန်ကုန်ထရန်စဖော်မာစက်ရုံသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ရွှေပြည်သာ စက်မှုဇုန်အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိန်းက လုပ်ငန်းအမျိုးအစားအလိုက် ကုန်ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံများလည်ပတ်မှုအခြေအနေ၊ တည်ဆောက်ဆဲစက်ရုံများအခြေအနေ၊ အလုပ်သမားအင်အား၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု လုပ်ငန်းလိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထုတ်လုပ်မှု

ထို့နောက် Yangon Transformer & Electrical Co., Ltd. ဥက္ကဋ္ဌ ဦးမောင်သောင်းက ရန်ကုန်ထရန်စဖော်မာစက်ရုံမှ စက်ရုံလုပ်ငန်းသုံးနှင့် ဓာတ်အားခွဲရုံသုံး ထရန်စဖော်မာများ ထုတ်လုပ်မှုအခြေအနေ၊ လေယာဉ်ကွင်းစီမံကိန်းများအတွက် လေယာဉ်ပြေးလမ်းများတွင် အသုံးပြုသောပြေးလမ်းအချက်ပြမီးလုံးများအတွက် ထရန်စဖော်မာများ ထုတ်လုပ်မှု၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သောထရန်စဖော်မာများ ထုတ်လုပ်မှု၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ပေးမှုအခြေအနေ၊ သွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိရေးတို့အတွက် *စာမျက်နှာ ၈ ကော်လံ ၁* ✻

အအေးခန်းနှင့် ရေခဲစက်ရုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၃)ရှိ တက်ဖြိုးဝေကုမ္ပဏီလီမိတက်၏ ပုစွန်၊ ကဏန်း၊ ရေသာဝဲအအေးခန်းနှင့် ရေခဲစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သရုပ်ဆောင်များ၏ လိုအပ်ချက်များကို ဒါရိုက်တာတင်အောင်ရွှေ(သုတေသီ)က ဤသို့ သင်ကြားပေးသည်။ (မြန်မာ့အလင်း)

အနုပညာ မျိုးဆက်သစ်များ ပျိုးထောင်ပေးနေသည့် ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်

အနုပညာသတင်း - မိုးမြင့်လင်းလက်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီခွဲနှင့် စနေနေ့ ညနေ ၅ နာရီခွဲတို့၌ ထုတ်လွှင့်နေသော ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်ကဏ္ဍကို ပရိသတ်များ နှစ်ခြိုက်အားပေးလျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

အသက်(၂၁)နှစ်အောက် မြန်မာလူငယ်အသင်း ဖိတ်ခေါ်ပြိုင်ပွဲဝင်ရန် ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၇

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၂၀ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ် ယူ-၂၁အသင်းသည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွားကြ

မြန်မာလူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းဇော်(ဘဏ္ဍာရေးမှူး၊ ဘောလုံးအဖွဲ့ချုပ်) ၊ အသင်းအတွင်းရေးမှူးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်လေးအောင်၊ ဒိုင်ကြီးကြပ်အဖြစ် ဦးထွန်းလှအောင်၊ အားကစားသမားများအဖြစ် **ဂိုးသမား** - ကျော်ဇင်ထက်နှင့် သီဟစည်သူ၊ **နောက်တန်း** - ဉာဏလွင်၊ အေးဆန်း၊ ဝင်းဇော်အောင်၊ မျိုးဇော်ထွန်း၊ ဇော်ဇော်ဦး၊ မျိုးဝင်းထွဋ်၊ **အလယ်တန်း** - စိုးမင်းဦး၊ အောင်ဇော်လင်း၊ ကျော်ငွေဦး၊ စိုးသီဟအောင်၊ ပိုင်စိုး၊ အောင်မိုး၊ နေဇော်ထက်၊ ထွန်းလင်းအောင်၊ အောင်မြင့်အေး၊ **ရှေ့တန်း** - အောင်ကျော်မျိုး၊ လှအေးထွေးနှင့် စည်သူသန်းတို့ လိုက်ပါသွားကြသည်။

ယှဉ်ပြိုင်ရမည်

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး (က)အုပ်စုတွင် မြန်မာ၊ အီရန်၊ စင်ကာပူ၊ (ခ)အုပ်စုတွင် ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် စက်တင်ဘာ ၂၂ရက်တွင် အီရန်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသော အသက်(၂၁)နှစ်အောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (မြန်မာ့အလင်း)